## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက်မြဝတီ**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၃)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၀ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အချိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၂၀**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ♦**




# မော်လိုက်မြို့နယ်၌ လာမည့်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၉၅၀၀ စိုက်ပျိုးမည်



**မော်လိုက် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်၌ လာမည့်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၉၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရသိရသည်။

"လာမယ့် မိုးသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်မြို့နယ်မှာ မိုးစပါးဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မိုးစပါးကို ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်၊ သဘာဝရေ၊ မိုးကောင်းသောက်လယ်စနစ်တို့နဲ့ စိုက်ပျိုးမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ စနစ်ကျပြီး အထွက်နှုန်းကောင်းမွန်အောင်ဆောင်ရွက်သွားမယ်။ စိုက်ပျိုးနည်းစနစ်တွေနဲ့ ပိုးမွှားကျရောက်မှုမရှိစေဖို့ နည်းလမ်းတွေဆောင်ရွက်ပေးမယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ကပြောသည်။

**စာမျက်နှာ ၁၇ ကော်လံ ၄ ⊟**

## " အိမ်နီးချင်းနိုင်ငံ၏တစ်ခုတည်းသောမူဝါဒ "

*ဆောင်းပါး စာ - ၁၁ သို့*

### ၂၀-၅-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၂ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၁ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| အမ်း | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |




## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ မေ ၂၁ ရက်)

# လူကုန်ကူးမှုပပျောက်ရေးအားလုံးပါဝင်ပေး

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာစတုတ္ထ(၅)နှစ်စီမံကိန်းကာလကို ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှုသည် မြန်မာ့လူမှုပတ်ဝန်းကျင်တွင် လုံးဝမရှိသင့်သောကိစ္စရပ်ဖြစ်သည်။ မသိနားမလည်သူများကို ငွေကြေးမြောက်မြားစွာရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရှိသည်ဟူသော လိမ်လည်စည်းရုံးကာ လူကုန်ကူးမှုကို ကျူးလွန်နေကြခြင်းဖြစ်သည်။ ပြည်တွင်းပွဲစားများက တစ်လကိုမြန်မာငွေဆယ်သိန်းနှင့်အထက်ရရှိမည်ဟူသော မက်လုံးကြောင့် အချို့သောအမျိုးသမီးများသည် ပြည်ပသို့ထွက်ခွာသွားကြသည်။ အမှန်တကယ်သွားရောက်အလုပ်လုပ်ရာတွင် အခက်အခဲများ များစွာကြုံတွေ့ရပြီး နောက်ဆုံးတွင်သက်ဆိုင်ရာသို့ အကူအညီတောင်းခံလာသည့်အတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ကူညီဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ကောင်းမွန်စွာပြန်လည်ရောက်ရှိလာခဲ့ကြသည်။

လူကုန်ကူးမှုခံရသူများတွင် တူညီသောအချက်မှာ သတင်းအမှားများဖြင့် လိမ်လည်လှည့်ဖြားခံရခြင်းသည် အဓိကအချက်ဖြစ်ကြောင်း သိရှိနိုင်သည်။ ပြောင်းလဲတိုးတက်နေသော အင်တာနက်နည်းပညာများကို အသုံးပြု၍ လူကုန်ကူးသူများက လူသစ်စုဆောင်းမှုများပြုလုပ်လာကြသည်။ အလုပ်အကိုင်အခွင့်အလမ်းများ၊ မက်မောဖွယ်ငွေကြေးများဖြင့် ဆွဲဆောင်စည်းရုံးကာ လူကုန်ကူးမှုကို ကျူးလွန်နေကြသည်။ နိုင်ငံခြားသားများအနေဖြင့် ကွန်ပျူတာ၊ နည်းပညာနှင့်ဆက်စပ်သည့်အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် လစာကောင်းသည့်အလုပ်ရမည်ဟု ပြောဆိုစည်းရုံး၍ လိမ်လည်ခေါ်ဆောင်မှုများကို ပြည်သူများအနေဖြင့် လုံးဝယုံကြည်မှုမရှိရန်လိုအပ်သည်။

စဉ်းစားတွေးခေါ်ဉာဏ်နည်းပါးသူတို့မှာ လိမ်လည်လှည့်ဖြားသူတို့၏ဖြားယောင်းမှုကွန်ရက်တွင် အားကိုးတကြီးဖြင့် လိုက်ပါသွားတတ်ကြရာမှ လူကုန်ကူးခံကြရခြင်းဖြစ်သည်။ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန်အလို့ငှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့်အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊ ထိုသူအပေါ် ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏သဘောတူညီချက်ရရှိရန် ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့ကိုဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် ကလေးသူငယ်အား ခေါင်းပုံဖြတ်မှုတစ်ခုခုပြုလုပ်ရာတွင် သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းပြုလုပ်ပါက လူကုန်ကူးမှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ၏ရည်ရွယ်ချက်တွင် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်ထိရောက်စွာတားဆီးနှိမ်နင်းရန်၊ လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ရန်၊ အထူးသဖြင့်လူကုန်ကူးခံရသူအမျိုးသမီးနှင့်ကလေးသူငယ်များအား အလေးဂရုပြု၍ ကာကွယ်ရန်နှင့်အကူအညီပေးရန်၊ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီထိုက်သင့်သောပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများလျော့နည်းပပျောက်စေရန်၊ လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အားလူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ပရိုတိုကောများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်းနိုင်ငံများနှင့်ချုပ်ဆိုထားသည့်စာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်ဟူသောရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေသည့်အတွက် မိမိနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာနေပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကြမည့်အစား မိမိနိုင်ငံအတွင်းနေထိုင်လုပ်ကိုင်ခြင်းက လုံခြုံစိတ်ချ၍ဘေးအန္တရာယ်ကင်းရှင်းမှုရှိမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် လူကုန်ကူးမှုကျူးလွန်သူများကိုဖော်ထုတ်အရေးယူရာတွင် ပူးပေါင်းပါဝင်သတင်းပေးကူညီခြင်းကို အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပါဝင်ကြရန်လိုပေသည်။ ပြည်ပသို့အလုပ်အကိုင်သွားရောက်လုပ်ဆောင်မည်ဆိုပါက နိုင်ငံအချင်းချင်းချိတ်ဆက်ထားသည့်တရားဝင်လမ်းကြောင်းမှ သွားရောက်ကြရန်ဖြစ်သည်။ သို့မှသာ လူကုန်ကူးခံရခြင်းအန္တရာယ်မှကင်းဝေးမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါ လျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ကျွန်းလှ၊ ဒေသဖွံ့ဖြိုးရေး

## လယ်ယာမြေများမှသီးနှံများ ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်ရေး ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ရှမ်းစုကျေးရွာအုပ်စု တပ်ကုန်းကျေးရွာကုန်ထုတ်လမ်း အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ ၊ ထု ၂ ပေ မြေသားတာပေါင်ပြုလုပ်ခြင်းနှင့် ၉ လက်မထု ဂျင်းကျောက်ခင်းခြင်း၊ Box Culvert (၆ ပေ × ၁၈ ပေ × ၅ ပေ) တစ်စင်းနှင့်ကုန်ထုတ်တံတား (၁၅ ပေ × ၁၈ ပေ × ၆ ပေ)တစ်စင်း တည်ဆောက်ခြင်းအား ငွေကျပ် ၉၃ ဒသမ ၇၁၂ သန်းဖြင့် ထွန်းမြင့်နိုင်ကုမ္ပဏီနှင့် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ ၊ ထု ၂ ပေ မြေသားတာပေါင်ပြုလုပ်ခြင်းနှင့် ၉ လက်မထု ဂျင်းကျောက်ခင်းခြင်း၊ Box Culvert (၅ ပေ × ၁၈ ပေ × ၅ ပေ) တစ်စင်းနှင့် ကုန်ထုတ်တံတားအုတ်ရိုးစီ (၁၅ ပေ × ၁၈ ပေ × ၆ ပေ) တစ်စင်း တည်ဆောက်ခြင်းအား ငွေကျပ် ၉၃ ဒသမ ၇၁၂ သန်းဖြင့် တော်ဝင်ဇူလီယန်ကုမ္ပဏီတို့မှ လုပ်ငန်းများဆောင်ရွက်ထားရှိမှုအား မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြပြီး လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးစေရန် ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်းကြောင့် တပ်ကုန်းကျေးရွာရှိ တောင်သူများ၏လယ်ယာမြေ ဧက ၁၅၀၀ မှ သီးနှံများကို အလေအလွင့်နည်းပါးစွာ ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၂၁-၅-၂၀၂၄(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၅း၃၀ | Opposite Song |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် | ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ | ၆။ | ၁၈း၂၀ | Online Request Song |

မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မော်လမြိုင်၊ စီးပွားရေး

# မိုးရာသီတွင် ဆားကွင်းများနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများထိခိုက်မှုမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ



မွန်ပြည်နယ်အတွင်း လာမည့်မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် ဆားကွင်းများနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ ထိခိုက်မှုမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မိုးလေဝသဆိုင်ရာအချက်အလက်များပေါ်မူတည်ပြီး မိုးရွာသွန်းမည့်ရက်ကို အနည်းဆုံး ၁၅ ရက်ခန့် ကြိုတင်ခန့်မှန်းသိရှိနိုင်သည့်အတွက် ဆားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဆားကွင်းများထိခိုက်မှုမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြသည်။ ယခုအခါ မွန်ပြည်နယ်အတွင်းရှိ ဆားလုပ်ငန်းများသည် ဆားကွင်းများကို စတင်ပိတ်သိမ်းကာ ဆားများကို ဂိုဒေါင်ထဲထည့်၍ မိုးလုံလေလုံအောင် သိမ်းဆည်းခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများကို နေရာရွှေ့ပြောင်းသိမ်းဆည်းခြင်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ် ၂၀၊ ၂၅ နှစ်လောက်က ဆိုရင် ဆားကွင်းတွေက မိုးဖျက်ဆီးတဲ့ဒဏ် တော်တော်ခံရတယ်။ မျက်မှောက်ခေတ်မှာကျတော့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးတဲ့အချက်အလက်ပေါ်မူတည်ပြီး ဘယ်ရက်ပိုင်းလောက်မှာ မိုးရွာမယ်ဆိုတာ အနည်းဆုံး ၁၅ ရက်လောက်ကြိုတင်သိရတဲ့အတွက် ပျက်စီးဆုံးရှုံးမှုသိပ်မရှိတော့ဘူး။ အခုဆိုရင်လည်း မကြာခင် မိုးစရွာတော့မှာဖြစ်တဲ့အတွက် မွန်ပြည်နယ်မှာ ဆားလုပ်ငန်းလုပ်ကိုင်သူတွေက ဆားကွင်းတွေကို စတင်ပိတ်သိမ်းနေကြပါပြီ" ဟု မွန်ပြည်နယ် ဆားလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးခင်ဝင်းကပြောသည်။

ယခင်က ဆားကွင်းများ ပိတ်သိမ်းသောအခါ ဆားများကိုကျုံးပြီး နီးစပ်ရာနေရာ၌ စုပုံထားလေ့ရှိသော်လည်း ယနေ့ခေတ်တွင် ဆားများကိုကျုံးပြီး ဂိုဒေါင်ထဲသို့ထည့်ကာ မိုးလုံလေလုံသိမ်းဆည်းထားကြကြောင်း၊ ထိုသို့ မိုးလုံလေလုံသိမ်းဆည်းနိုင်စေရန် ဂိုဒေါင်ပြုပြင်ခြင်းကို နှစ်စဉ်မတ်လတွင် ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။

လက်ရှိတွင် မွန်ပြည်နယ်အတွင်းမှ ထွက်ရှိသောဆားများကို တနင်္သာရီတိုင်းဒေသကြီးသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး ဆားကြမ်းနှင့်ဆားချော နှစ်မျိုးစလုံးကိုတင်ပို့နေရကြောင်း၊ ကရင်ပြည်နယ်သို့ ဒုတိယအများဆုံးတင်ပို့ရပြီး တခြားနီးစပ်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တချို့သို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

**ဆောင်းဦး**

ဘုတလင်၊ စိုက်ပျိုးရေး

# ဘုတလင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းနှမ်း ၁၃၈၇၅ ဧက ရိတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းနှမ်း ၁၃၈၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းနှမ်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ၁၃၈၇၅ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၂ ဒသမ ၂၅ တင်းနှုန်း ထွက်ရှိသည်။

"ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဘုတလင်မြို့နယ်မှာ ဆောင်းနှမ်း ၁၃၈၇၅ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ အဲဒီဆောင်းနှမ်းစိုက်ခင်းအားလုံး ရိတ်သိမ်းပြီးစီးနေပါပြီ။ အထွက်နှုန်းအနေနဲ့လည်း ကောင်းမွန်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

ဘုတလင်မြို့နယ်၌ ဆောင်းနှမ်း ၁၃၅၉၁ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးခဲ့ရာ ၁၃၈၇၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည်။

ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသောသီးနှံများသည် တခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး ဈေးနှုန်းပိုမိုရရှိကာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

(၄၀၉)

နေပြည်တော်၊ မွေးမြူရေး

# မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၁၂ ဘီလီယံထုတ်ချေးမည်

ယခုဘဏ္ဍာနှစ်တွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုးခု၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၁၂ ဘီလီယံ ထုတ်ချေးပေးမည်ဖြစ်ကြောင်း နေပြည်တော်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ထုတ်ချေးပေးရာတွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုမှ စိစစ်ရွေးချယ်ထားသော အသားတိုးနွားမွေးမြူရေးလုပ်ငန်းများ၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများ၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းများနှင့် သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းများစသည့်မွေးမြူရေးလုပ်ငန်းများကို ဇွန်လမှစတင်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်မှာ အသားတိုးနွား၊ နို့စားနွား၊ ဥစားကြက်နဲ့ သိုး၊ ဆိတ်စတဲ့ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေကို စုစုပေါင်း ငွေကျပ် ၁၂ ဘီလီယံထုတ်ချေးပေးမှာပါ။ တစ်နှစ်အတွင်းမှာ လုပ်ငန်းအကျိုးအမြတ်က သိပ်မသိသာသေးတဲ့အတွက် နို့စားနွားမွေးမြူသူဆိုရင် သုံးနှစ်အထိ နှစ်ရှည်ချေးပေးမှာဖြစ်ပါတယ်။ အသားတိုးနွား၊ ဥစားကြက်နဲ့ သိုး၊ ဆိတ်မွေးမြူရေးလုပ်ကိုင်သူတွေကိုတော့ နှစ်နှစ်ထုတ်ချေးပေးပါမယ်" ဟု နေပြည်တော်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဘစီကပြောသည်။

အဆိုပါချေးငွေများကို မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ချေးပေးခြင်းဖြစ်သောကြောင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးမည်ဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ဦးစားပေးထုတ်ချေးပေးရန်စီစဉ်ထားသည့်အတွက် နေပြည်တော်အပါအဝင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်မွန်ပြည်နယ်တို့၌ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကလည်း နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခု၌ အသားတိုးကြက်၊ ဥစားဘဲနှင့် အသားတိုးဝက်စသည့်တိရစ္ဆာန်သုံးမျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂၀ ဘီလီယံအထိ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

၎င်းတို့အနက် အစ္စရေး၊ စင်ကာပူနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ကဲ့သို့ နိုင်ငံများတွင် နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲ စီးဆင်းနေသော ရေချိုရှားပါးသည့်အတွက် ပင်လယ်ရေကို ရေချိုချက်သုံးစွဲရခြင်း၊ တခြားအိမ်နီးချင်းနိုင်ငံမှ ရေချိုဝယ်ယူသုံးစွဲရခြင်း၊ စွန့်ပစ်ရေကို ပြန်လည်ပြုပြင်၍ ရေချိုအဖြစ်သုံးစွဲခြင်း၊ မြေအောက်ရေတူးဖော်သုံးစွဲခြင်း၊ ရေစုကန်များတည်ဆောက်သုံးစွဲခြင်း စသည့်နည်းလမ်းပေါင်းစုံကိုသုံး၍ ဖြေရှင်းနေကြရသည်။ အဆိုပါနိုင်ငံများအကြောင်းကို နောက်အခန်းများတွင် ပြည့်စုံစွာဖော်ပြပါမည်။

**အခန်း(၂)**

**ပြန်လည်ပြည့်ဖြိုးမြဲရေရှားပါးသည့် အစ္စရေး၊ စင်ကာပူ**

**အစ္စရေးနိုင်ငံ**

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ မြေထဲပင်လယ်ကမ်းရိုးတန်း ရှည်လျားစွာပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။

လူဦးရေမှာ ၂၀၁၉ ခုနှစ်စာရင်းအရ ၉ ဒသမ ၀၅၃ သန်းခန့်ရှိသည်။

မြောက်ဘက်တွင် လက်ဘနွန်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ အရှေ့ဘက်တွင် ဂျော်ဒန်နိုင်ငံ၊ တောင်ဘက်တွင် အီဂျစ်နိုင်ငံ၊ အနောက်ဘက်တွင် မြေထဲပင်လယ်တည်ရှိသည်။

အစ္စရေးနိုင်ငံ၏တောင်ပိုင်းဒေသတွင် Negev သဲကန္တာရကြီးတစ်ခုရှိနေသည်။ ၎င်းသဲကန္တာရကြီး၏အကျိုးဆက်ကြောင့်ဟုထင်သည်၊ မြေထဲပင်လယ်ကမ်းရိုးတန်းတွင်တည်ရှိနေသည့် မြို့တော် Tel Avis တွင်ပင် တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်မှာ မီလီမီတာ ၅၈၀ (၂၃ လက်မ) ခန့်သာ ရွာသွန်းသည်။ မြန်မာနိုင်ငံ၏ ပုဂံ၊ ညောင်ဦးဒေသ နှစ်စဉ်မိုးရေချိန်ခန့်သာရှိသည်။

အစ္စရေးနိုင်ငံတောင်ပိုင်းတွင်ရှိသည့် အဆိုပါသဲကန္တာရတွင် တစ်နှစ်လျှင် ၃၅၅ ရက် နေပူသည်ဟုဆိုသည်။ နေ့အပူချိန်သည် ၄၈ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၁၂၀ ဒီဂရီဖာရင်ဟိုက်) အထိမြင့်မားပြီး ညပိုင်းတွင်မူ အတော်အေးသည်ဟုဆိုသည်။

အစ္စရေးနိုင်ငံသည် အာရပ်နိုင်ငံများကြားထဲတွင် နိုင်ငံတည်မြဲရေးနှင့် သူ့ပြည်သူများ အသက်ရှင်ရပ်တည်ရေးအတွက် ရုန်းကန်အားထုတ်နေရသည့်နိုင်ငံဖြစ်သည်။

ရာသီဥတုကလည်း စားရေရိက္ခာလုံလောက်စေရေး အခြေအနေမပေးသလို လူတိုင်း ရေချိုအလုံအလောက်ရရှိရေးအတွက်လည်း အခြေအနေမပေးသည့်နိုင်ငံဖြစ်သည်။

သို့သော် အစ္စရေးတို့၏ပညာရေးမြင့်မားမှု၊ သုတေသနလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ လုံ့လဝီရိယစိုက်ထုတ်မှု၊ ခေါင်းဆောင်ကောင်းများရရှိထားမှု၊ ပြည်သူများ၏ကြိုးပမ်းမှုတို့ကြောင့် စားရေရိက္ခာလည်း ဖူလုံအောင်ဆောင်ရွက်နိုင်သလို သောက်ရေသုံးရေကိုလည်း လူတိုင်းအတွက် ဖြည့်ဆည်းပေးနိုင်သည်။ ထူးဆန်းသည်မှာ ရေချိုမလုံလောက်သည့်နိုင်ငံသို့ ကမ္ဘာ့နိုင်ငံအများစုကသွားရောက်၍ စိုက်ပျိုးရေးနည်းပညာနှင့် ရေစီမံခန့်ခွဲမှုပညာများ လေ့လာနေကြရသည်။ မိမိတို့နိုင်ငံ စိုက်ပျိုးရေးနှင့်ဆိုင်သောဌာနများမှ ပညာရှင်အချို့လည်း အစ္စရေးပြန်များဖြစ်ကြသည်။

အစ္စရေးတို့၏ကြိုးပမ်းမှုမှာ အံ့မခန်းဟုဆိုရပေမည်။ သဲကန္တာရကြီးကိုပါ နှစ်စဉ် ကျုံ့ဝင်သွားအောင် ရေအစက်ချနည်းစနစ်သုံး၍လည်းကောင်း၊ မြေပြုပြင်အစားထိုးနည်းကိုသုံး၍လည်းကောင်း သစ်ပင်များစိုက်ပျိုးနေကြသည်။ အဆိုပါမြေများပေါ်တွင် တစ်နှစ်လျှင် သီးနှံနှစ်မျိုး၊ သုံးမျိုး ရိတ်သိမ်းနိုင်သည်အထိ စိုက်ပျိုးရေးအောင်မြင်သည်ဟုလည်း သိရသည်။ သီးနှံအထွက်နှုန်းမှာလည်း တစ်ဧက (၀ ဒသမ ၄၀၄၉ ဟက်တာ) လျှင် တန် ၆၀ နှုန်းအထိထွက်ရှိအောင် ဆောင်ရွက်နိုင်သည်။

Negev သဲကန္တာရအတွင်းရှိ Beersheba ဆိုသောမြို့ကိုပင် နည်းပညာမြို့အဖြစ် ကမ္ဘာက သတ်မှတ်ရသည်အထိ အောင်မြင်နေသောနိုင်ငံဖြစ်သည်။

ရေချိုရှားပါးသည့်နိုင်ငံ၊ ပြန်လည်ပြည့်ဖြိုးမြဲရေရှားပါးသည့်နိုင်ငံဖြစ်၍ သစ်ပင်စိုက်ပျိုးရာတွင် ရေကိုချွေတာနိုင်သမျှချွေတာရေး နည်းလမ်းပေါင်းစုံ သုံးစွဲဆောင်ရွက်သည်။

ရေချိုရှားပါးလွန်းသော အစ္စရေးနိုင်ငံ၏ ရေချိုရယူပုံမှာလည်း စိတ်ဝင်စားစရာကောင်းသည်။ အစ္စရေး၏ ပြန်လည်ပြည့်ဖြိုးမြဲ ရေချိုရယူမှုနည်းများမှာ အောက်ပါအတိုင်း လေးနည်းရှိသည်-

“အစ္စရေးတို့၏ပညာရေးမြင့်မားမှု၊ သုတေသနလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ လုံ့လဝီရိယစိုက်ထုတ်မှု၊ ခေါင်းဆောင်ကောင်းများ ရရှိထားမှု၊ ပြည်သူများ၏ကြိုးပမ်းမှုတို့ကြောင့် စားရေရိက္ခာလည်း ဖူလုံအောင်ဆောင်ရွက်နိုင်သလို သောက်ရေသုံးရေကိုလည်း လူတိုင်းအတွက် ဖြည့်ဆည်းပေးနိုင်သည်။ ထူးဆန်းသည်မှာ ရေချိုမလုံလောက်သည့်နိုင်ငံသို့ ကမ္ဘာ့နိုင်ငံအများစုက သွားရောက်၍ စိုက်ပျိုးရေးနည်းပညာနှင့် ရေစီမံခန့်ခွဲမှုပညာများ လေ့လာနေကြရသည်။ မိမိတို့နိုင်ငံ စိုက်ပျိုးရေးနှင့်ဆိုင်သောဌာနများမှ ပညာရှင်အချို့လည်း အစ္စရေးပြန်များဖြစ်ကြသည်...”

(က) ပင်လယ်ရေကို ရေချိုပြုလုပ်ယူခြင်း
(ခ) ကန်များမှရေကို အသုံးပြုခြင်း
(ဂ) မြေအောက်ရေကိုအသုံးပြုခြင်း
(ဃ) စွန့်ပစ်ရေကိုပြန်လည်သုံးစွဲခြင်း

ပထမနည်းဖြစ်သည့် ပင်လယ်ရေကို ပြုပြင်သုံးစွဲခြင်း (Desalination Method) ဖြင့် ၂၀၁၄ ခုနှစ် အစ္စရေးနိုင်ငံအတွက် ရေချိုလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးသည်။ နှစ်စဉ် ကုဗမီတာသန်းပေါင်း ၂၇၇ သန်း ဖြည့်ဆည်းပေးသည်။

ဒုတိယရေချိုရရှိရေးနည်းမှာ ကီနာရတ်ရေကန် (Lake Kinneret) မှ ရေကိုသုံးစွဲခြင်းဖြစ်သည်။ ၎င်းနည်းဖြင့် ၂၀၁၄ ခုနှစ်တွင် ကုဗမီတာသန်းပေါင်း ၁၀၀ (ဂါလန်သန်းပေါင်း ၂၂၀၀၀) ခန့် ထုတ်ယူခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဘားအံ၊ အသိပညာပေး

## ဘားအံမြို့နယ်၌ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်/ရှောင်ရန် အချက်များ အသိပညာပေးခြင်းဆောင်ရွက်

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မိုးကြိုကာလနှင့် မိုးနှောင်းကာလတို့တွင်ဖြစ်ပွားတတ်သော လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန်အချက်များ အသိပညာပေးနှိုးဆော်ခြင်းကို မေလ ၁၉ ရက်က ဘားအံမြို့နယ် မဲဘောင်ဈေး၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၉)ရပ်ကွက်တို့သို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့အသိပညာပေးရာတွင် မိမိနေအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားရန်၊ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားရန်၊ လေပြင်းတိုက်ခတ်ချိန်တွင် အမိုက်များနှင့်ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ကြရန်၊ လျှပ်စစ်ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားရန်၊ နေအိမ်အဆောက်အအုံများ၌ မိုးကြိုးလွှဲများ တပ်ဆင်အသုံးပြုရန်၊ ပြတင်းပေါက်မှန်များကို အလင်းရောင်ဝင်ရောက်မှုမှ ကာကွယ်ထားရန်၊ လျှပ်စစ်မီးဖြတ်သော ပင်မမိန်းခလုတ်များတပ်ဆင်ထားရန်၊ မိုးကြိုးပစ်ပြီး နာရီဝက်ခန့်အကြာ ဘေးကင်းလုံခြုံမှသာ အပြင်ထွက်ရန် စသည့်ဆောင်ရန်/ရှောင်ရန်အချက်များကို အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးနှိုးဆော်ခြင်းများကို ဘားအံခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသော ရပ်ကွက်/ကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

အိမ်မဲ၊ သာသနာရေး

## စူဠဘွဲ့နှင်းသဘင်နှင့် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာအောင်သံဃာဆုပေးပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ စူဠဘွဲ့နှင်းသဘင်နှင့် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာအောင် သံဃာဆုပေးပွဲအခမ်းအနားကို မေလ ၁၉ ရက်က အထက်ပိုင်းရပ်ကွက်ရှိ မြို့နယ်ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပေးပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အိမ်မဲမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၏ဦးစီးပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ထံမှ အခမ်းအနား တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ်ချီးမြှင့်ကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ကျေးဇူးတင်ဝမ်းမြောက်စကား မြွက်ကြားသည်။

ဆက်လက်၍ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက သာသနာရေးဆိုင်ရာများကိုလည်းကောင်း၊ အိမ်မဲမြို့နယ် ပရိယတ္တိသာသနာတော် ထောက်ပံ့လှူဒါန်းရေး စေတနာရှင်အဖွဲ့ကိုယ်စား ဒေါ်စန်းမြင့်က ပရိယတ္တိသာသနာတော်ဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများကိုလည်းကောင်း လျှောက်ထားကြသည်။

ယင်းနောက် အစိုးရပါဠိပထမပြန်နှင့် အိမ်မဲမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံသံဃာတော်များဦးစီးသော မြို့နယ်သာသနာ့နုဂ္ဂဟအသင်းမှကျင်းပသည့် (၅၄) ကြိမ်မြောက် မြို့နယ်ပရိယတ္တိစာအောင်သံဃာတော်စုစုပေါင်း ၃၈ ပါးအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အိမ်မဲမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားချီးမြှင့်ပြီး ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

ဝါးခယ်မ၊ စိုက်ပျိုးရေး

# ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်း ၁၂၂၆ ဧက ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောအစေ့ထုတ် ပြောင်း ၁၂၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ အစေ့ထုတ်ပြောင်း ၁၂၂၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် အစေ့ထုတ်ပြောင်းများကို ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ဧက အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၈၅ ဒသမ ၆၇ တင်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်း လျာထားဧက ၁၂၂၆ ဧကအထိ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ အစေ့ထုတ်ပြောင်းတွေကို ပြန်လည်ရိတ်သိမ်းနေတာ လက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းတဲ့ ပြောင်းအမျိုးအစားတွေကို အများစုရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ပြောင်းအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်" ဟု ဦးကျော်မိုးဝင်းကပြောသည်။

ဝါးခယ်မမြို့နယ်ရှိ တောင်သူများသည် အစေ့ထုတ်ပြောင်းကို ဆောင်းရာသီနှင့် နွေရာသီကာလတွင် အဓိကထားစိုက်ပျိုးကာ စိုက်ပျိုးရိတ်သိမ်းပြီးဖြစ်သော အစေ့ထုတ်ပြောင်းများ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး စသည့် အသိပညာပေးလုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

ကျောက်ပန်းတောင်း၊ ပညာရေး

# ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာစိုက်ထူ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို မေလ ၂၀ ရက်က စံပြရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မော်မော်နှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာအား စိုက်ထူပေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မော်မော်တို့က မြေစိုက်ပိုစတာဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းအပြင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ မြို့ရှေ့အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း တစ်ချိန်တည်းစိုက်ထူကြသည်။

အဆိုပါမြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မော်မော်၊ လက်ထောက်ပညာရေးမှူးများနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကိုကိုးကျွန်း | (၃. ၄၂)လက်မ |
| ချောင်းဆုံ | (၂. ၆၈)လက်မ |
| တောင်ငူ | (၁. ၆၉)လက်မ |
| ပေါင် | (၁. ၂၃)လက်မ |
| တောင်တွင်းကြီး | (၀. ၉၉)လက်မ |
| နေပြည်တော်(ဇမ္ဗူသီရိ) | (၀. ၇၉)လက်မ |
| တောင်ကြီး | (၀. ၇၅)လက်မ |
| ပင်လောင်း | (၀. ၅၅)လက်မ |
| ဘီးလင်း | (၀. ၅၁)လက်မ |
| နေပြည်တော်(ဇေယျာသီရိ) | (၀. ၄၇)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၄. ၄ °C |
| အောင်လံ | ၄၃. ၉ °C |
| မင်းဘူး | ၄၃. ၈ °C |
| မကွေး | ၄၃. ၃ °C |
| မြင်းမူ | ၄၂. ၀ °C |
| ပြည် | ၄၂. ၀ °C |
| ရွှေဘို | ၄၁. ၀ °C |
| မြင်းခြံ | ၄၁. ၀ °C |
| ညောင်ဦး | ၄၁. ၀ °C |
| ပခုက္ကူ | ၄၁. ၀ °C |
| တောင်တွင်းကြီး | ၄၁. ၀ °C |
| ဇောင်းတူ | ၄၁. ၀ °C |
| သာယာဝတီ | ၄၁. ၀ °C |
| ဇလွန် | ၄၁. ၀ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၆ |
| ရှမ်း(အရှေ့) | ၂၁ | ၃၇ |
| ရှမ်း(တောင်) | ၂၀ | ၃၃ |
| ချင်း | ၁၃ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၈ | ၄၀ |
| နေပြည်တော် | ၂၄ | ၃၈ |
| မန္တလေး | ၂၈ | ၄၀ |
| မကွေး | ၂၄ | ၄၂ |
| ရခိုင် | ၂၇ | ၃၇ |
| ပဲခူး | ၂၆ | ၄၀ |
| ရန်ကုန် | ၂၆ | ၃၈ |
| ဧရာဝတီ | ၂၅ | ၃၉ |
| ကယား | ၂၁ | ၃၄ |
| ကရင် | ၂၉ | ၃၈ |
| မွန် | ၂၆ | ၃၅ |
| တနင်္သာရီ | ၂၄ | ၃၄ |

ငဖဲ၊ လူမှုရေး

# ငဖဲမြို့နယ် ဇီးတောကျေးရွာ၌ နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ဇီးတောကျေးရွာ၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ယဉ်ကျေးလိမ္မာသောလူတော်လူကောင်းများဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်း မဟာကုသလကာရီမဏ္ဍပ်မာန်၌ မေလ ၂၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် သံဃာတော်များ၊ ဧည့်ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မိုးကုတ်နယ်လှည့်ဓမ္မကထိက ရွှေစက်တော်ဆရာတော် ဦးသုန္ဒရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ အဆင့် (၄) တွင် ဖြေဆိုအောင်မြင်သူများနှင့် နည်းပြဆရာမများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မိုးကုတ်နယ်လှည့်ဓမ္မကထိက ရွှေစက်တော်ဆရာတော် ဦးသုန္ဒရနှင့် ဇီးတောကျောင်းတိုက်ဆရာတော် ဦးကစ္စာယနတို့က အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီလ ၂၈ ရက်မှ မေလ ၁၉ ရက်အထိ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၉၁ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**မယု(ငဖဲ)**

ပွင့်ဖြူ၊ စိုက်ပျိုးရေး

# နွေသီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေး တောင်သူပညာပေးဆွေးနွေး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ နွေသီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေး တောင်သူပညာပေးဆွေးနွေးပွဲကို မေလ ၁၉ ရက်က ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူ ၅၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး နွေသီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များက သွင်းအားစုပစ္စည်းများ မှန်ကန်စွာအသုံးချရေးလုပ်ငန်းများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့်နည်းလမ်းများ၊ စိမ်းလန်းစိုပြည်စိုက်ပျိုးရေးကုမ္ပဏီမှ ထုတ်လုပ်သော စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက မိမိတို့ဒေသအလိုက် နွေသီးနှံစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ပွင့်ဖြူမြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့က ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများစိုက်ပျိုးရာတွင် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် ယခုကဲ့သို့ တောင်သူအသိပညာပေးဆွေးနွေးပွဲများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ အဆင်ပြေစွာဝယ်ယူအသုံးပြုနိုင်ရန် စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်ကာ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများကိုလည်း သီးနှံပေါ်ချိန်များတွင် သီးနှံရောင်းဝယ်ရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ တောင်သူများ စုပေါင်းသီးနှံစုံရောင်းချပွဲကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

နေပြည်တော်　မေ　၂၀

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၀ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၂-၅-၂၀၂၄ ရက် ည ၈ နာရီမှ ၁၉-၅-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၂၂၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၀ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၄ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့



" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

နေပြည်တော်　မေ　၂၀

# တောင်ကြီးမြို့ရှိ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြား ထုတ်ပေးပြီး Biometric ကောက်ယူမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ကြီးမြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူ ပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှု၊ ယင်းသို့ဆောင်ရွက်ပြီးပါက e-ID စနစ်အတွက် Biographic/Biometric ကောက်ယူကာ UID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြို့နယ်ရုံးရှေ့၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ (Unique ID) နံပါတ်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး Unique ID နံပါတ်လာရောက်ဆောင်ရွက်ကြသူ ပြည်သူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေး၍ UID နံပါတ်ရရှိပြီးပါက ပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးအတွက် အခြားသောဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်မှု၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ထိရောက်စွာအသုံးပြုနိုင်မှုနှင့် ပျောက်ဆုံးမှုမရှိစေရေးအတွက် စနစ်တကျကိုင်တွယ်ထိန်းသိမ်းနိုင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် နိုင်ငံသားကတ်ပြားမရှိသေးသူနှင့် လဲလှယ်လျှောက်ထားသူ စုစုပေါင်း ၂၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးကာ Biographic/Biometric ကောက်ယူ၍ UID နံပါတ်တစ်ပါတည်းထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရှိပြီးသူ ပြည်သူ ၂၇၄ ဦးကို Biographic/Biometric ကောက်ယူ၍ UID နံပါတ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လူတစ်ဦးချင်းစီ ကိုယ်ရေးဖိုင်များဖြစ်သည်နှင့်အညီ လုံခြုံစွာထားရှိဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ် တားဆီးဆောင်ရွက်ရေး၊ အသုံးပြုကိုင်တွယ်ရာတွင်လည်း စနစ်တကျမှတ်တမ်းရေးသွင်းကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ကြရေး မှာကြားကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများ၊ ကယားပြည်နယ်မှ ယာယီနေရပ်စွန့်ခွာရောက်ရှိနေသည့် ဝန်ထမ်းများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုဆောင်ရွက်နေသည့် ပန်းခင်းစီမံချက် အဆင့်(၃)လုပ်ငန်းစဉ် အောင်မြင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်လုံးကျွတ်လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း ယခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည်ဖြစ်ရာ လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် e-ID စနစ်ကိုလည်း မိမိတို့ဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသားကတ်ပြားအသစ် လျှောက်ထားရယူသူများကို Biographic/Biometric ကောက်ယူကာ ရုံးချုပ်ရှိ e-ID Server ရှိအချက်အလက်များနှင့် တိုက်ဆိုင်စိစစ်၍ Unique ID နံပါတ်များ ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်သည် နယ်စပ်ဒေသနှင့်ထိစပ်နေသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်မှုတိုင်း၌ အထူးအလေးထားဂရုပြုဆောင်ရွက်ကြရန်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်သူကို ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးသည့်လုပ်ငန်းများဖြစ်သည့်အတွက် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်　မေ　၂၀

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းက ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။



၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်အသင်းနှင့် နေပြည်တော်လေတပ်စခန်း အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိ/စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဌာနချုပ်မှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်အသင်းနှင့် နေပြည်တော်လေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းတို့ဖြင့် မေလ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

ဆီဆိုင် မေ ၂၀

# ဆီဆိုင်မြို့၌ လမ်းမီးများပြန်လည်ရရှိ



ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဒေသလုံခြုံရေးအခြေအနေပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ လမ်းမီးများ ပြန်လည်ထွန်းလင်းနေပြီဖြစ်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆီဆိုင်မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများက ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းကြိုးဆက်ခြင်းလုပ်ငန်းများနှင့် ထရန်စဖော်မာပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြို့ပေါ်ရှိလမ်းများတွင် လျှပ်စစ်မီးပြန်လည်ထွန်းလင်းနေပြီ ဖြစ်သည်။ ယင်းနောက် ဌာနဆိုင်ရာရုံးများနှင့်ရပ်ကွက်ရှိနေအိမ်များအား လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများ လျှပ်စစ်မီးပြန်လည်ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမင်း(ဆီဆိုင်)**



ရန်ကုန် မေ ၂၀

# နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက မည်သို့သောအခြေအနေနှင့်ကြုံတွေ့နေရသည့်တိုင် နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား၍ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်ကာ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်က ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ မေလ ၁၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် Abu Dhab မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် ဗန်ကောက်မှ ရန်ကုန်မြို့သို့ မေလ ၁၉ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မအိသက်ဖြူသည် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့ရှိ အလုပ်ရှင်နေအိမ်တွင် နှစ်လကျော် အလုပ်လုပ်ကိုင်ခဲ့ရာ အလုပ်ပင်ပန်းခြင်း၊ အစားအသောက်အဆင်မပြေခြင်း၊ လစာမရခြင်းတို့ကြောင့် အိမ်ရှင်နှင့်အဆင်မပြေဖြစ်၍ ဆက်လက်လုပ်ကိုင်လိုခြင်းမရှိခြင်းကြောင့် ထွက်ပြေးခဲ့ရာမှ ထိန်းသိမ်းရေးစခန်းသို့ ရောက်ရှိခဲ့ရာ မြန်မာသံရုံးမှ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ အမိနိုင်ငံသို့ အမြန်ဆုံးအဆင်ပြေချောမွေ့စွာ ပြန်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မေလ ၁၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲများစွာကြုံတွေ့ခဲ့ရသည့် မအိသက်ဖြူသည် ရန်ကုန်မြို့သို့ မေလ ၁၉ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပြီး မိဘဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ နိုင်ငံတော်အစိုးရတာဝန်ယူစဉ်ကာလတွင် ပြည်ပ၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးမှ ကူညီညှိနှိုင်းဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့ အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းသူ(သတင်းစဉ်)**

သဲကုန်း မေ ၂၀

# လေပြင်းဘေးကြိုတင်ကာကွယ်ရေးနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလိုက်လံအသိပေးနှိုးဆော်ခြင်းဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းဘေးကြိုတင်ကာကွယ်ရေးနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ခြင်းနှင့်အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မေလ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက လူစည်ကားနေရာများ၊ မြို့မဈေးအတွင်း၊ လမ်းမတော်လမ်းနှင့်မြကေသီလမ်းများသို့ သွားရောက်၍ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့အသိပညာပေးဆောင်ရွက်ရာတွင် ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုနှင့် ဝန်ထမ်းများက အသံချဲ့စက်နှင့်မော်တော်ယာဉ်ဖြင့် မြို့အတွင်းသို့လှည့်လည်ကာ မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်/ရှောင်ရန်များ၊ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် လေပြင်းဘေးအတွက်ကြိုတင်ပြင်ဆင်ရန် အချက်များ၊ လေပြင်းတိုက်ခတ်နေစဉ် မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခတ်စဉ် သတိပြုလိုက်နာရန် အချက်များအား လိုက်လံအသိပေးနှိုးဆော်၍ အသိပညာပေးလက်ကမ်းစာစောင်များအား ပြည်သူများလက်ဝယ်အရောက်ဖြန့်ဝေပေးကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

❖ **ကျောဖုံးမှအဆက်**

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာအခမ်းအနားအစီအစဉ်တစ်ခုဖြစ်သည့် ဆီမီးတိုင်များကိုင်ဆောင်ပြီး လှည့်လည်ပူဇော်ပွဲအခမ်းအနားကို ညနေ ၃ နာရီ မိနစ် ၃၀ မှစတင်၍ တပေါင်းကွင်းမှ ဥပ္ပါတသန္တိစေတီတော် ပတ်လမ်းတစ်လျှောက်၊ ဥပ္ပါတသန္တိစေတီတော်မှ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာရာလမ်းတစ်လျှောက်နှင့် မာရဝိဇယဗုဒ္ဓဉယျာဉ်တော်မုခ်ဦးမှ ညောင်ရေသွန်းမည့် မဟာဗောဓိပင်အထိလည်းကောင်း၊ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်နှင့် ဥပ္ပါတသန္တိစေတီတော်ရှိ မဟာဗောဓိပင်နေရာများတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းအခမ်းအနားများကိုလည်းကောင်း MRTV-HD Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel နှင့် Channel LIGHT Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

ထို့ပြင် ည ၈ နာရီမှစတင်၍ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်တွင် သီတဂူဆရာတော်ကြီး၏ ဓမ္မသဘင်ဆင်ယင်ကျင်းပမှုကို MRTV Parliament Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel နှင့် Channel LIGHT Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV-HD Channel၊ MWD HD Channel၊ MWD Variety HD Channel တို့မှ ည ၈ နာရီ သတင်းအစီအစဉ်များအပြီးတွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၂၄ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆း၀၃ | တရားတော် | ၇။ | ၁၀း၅၀ | ဖန်တီးသူရဲ့ဒီဇိုင်း |
| ၂။ | ၇း၁၅ | မေတ္တာပို့ | ၈။ | ၁၂း၀၀ | ၁၂ လရာသီမှတ်တမ်း |
| ၃။ | ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၉။ | ၁၉း၀၀ | **(၃၈)ဖြာမင်္ဂလာ -ဂါရဝေါစ နိဝါတောစ** |
| ၄။ | ၇း၄၅ | မျိုးချစ်တပ်မတော် | ၁၀။ | ည ၈ နာရီ သတင်း | နိုင်ငံတကာသတင်း |
| ၅။ | ၈း၂၅ | ဆောင်းပါးပေါ်ကစာစုများ | ၁၁။ | အပြီး | မိုးလေဝသသတင်း |
| ၆။ | ၉း၁၀ | အမျိုးသားရေးတေးကဗျာ | ၁၂။ | | တရားတော် |

၂၁-၅-၂၀၂၄

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (၅၀၀)

# ကဆုန်လနှင့် ဆေးဖက်ဝင် စံကားပန်းအကြောင်း







မြန်မာအဘိဓာန်တွင် နောက်ဆက်တွဲအဖြစ် ဖော်ပြသော ဆယ့်နှစ်လရာသီ အရုပ်၊ ပွဲ၊ နက္ခတ်ပြဇယားအရ ကဆုန်လ၏ရာသီမှာ "ပြိဿရာသီ"၊ ရာသီရုပ်မှာ "နွားလား"၊ ရာသီပွဲမှာ "ညောင်ရေသွန်းပွဲ"၊ ရာသီပန်းမှာ "စံကားပန်း"၊ စန်းယှဉ်နက္ခတ်မှာ "ဝိသာခါနက္ခတ်" ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ကဆုန်လနှင့် ကဆုန်လပြည့်နေ့ကို "လ၏ ပန္နရသီပုဏ္ဏာတိထီ" ပြည့်ညီသောကြောင့်လည်းကောင်း၊ ဂိမှာန်ဥတု၊ နွေရာသီအချိန်အခါ အချက်အချာအလယ်ကာလဖြစ်သောကြောင့်လည်းကောင်း၊ ကောင်းကျိုးတရားကို ထူးခြားစွာပေးနိုင်သည့် "ဝိသာခါနက္ခတ်" နှင့် "စန်း" ဟုခေါ်သော တနင်္လာဂြိုဟ်ငွေလမင်းတို့ ယှဉ်တွဲလျက် ထွန်းပေါ်လာသည့်အခါဖြစ်သောကြောင့်လည်းကောင်း အထူးကဲဆုံး၊ အမြင့်မြတ်ဆုံး အချိန်ကာလဖြစ်သည်ဟူ၍ ရှေးပညာရှိများက ညွှန်းဆိုခဲ့ကြသည်။ ထို့ကြောင့် မြန်မာပြက္ခဒိန်၏ ဒုတိယလဖြစ်သော ကဆုန်လသည် ဆယ့်နှစ်လရာသီများအနက် ဗုဒ္ဓဘာသာဝင်တို့၏ မွန်မြတ်ထူးခြားလှသော လတစ်လဟုဆိုရမည်ဖြစ်သည်။

ကဆုန်လသည် ရေများခန်းခြောက်ကာ ရေအရှားပါးဆုံး "လ"တစ်လဖြစ်သောကြောင့် ရှေးလူတို့သည် ဘုရားအလောင်းတော် ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် မဟာဗောဓိပင်မှ ကူးယူစိုက်ပျိုးခဲ့သော မဟာဗောဓိပင်ကြီးရေခန်းခြောက်မှုကြောင့် သေဆုံးမသွားစေရန် ရေအပြတ်လပ်ဆုံးဖြစ်သော ဤကဆုန်လတွင် ညောင်ရေသွန်းလောင်း၍ ပူဇော်ခဲ့ကြကြောင်း သိရသည်။ ညောင်ရေသွန်းခြင်းအပြင် ဗုဒ္ဓနေ့သရုပ်ဖော်မှုကိစ္စတစ်ရပ်လည်းရှိသည်။ ယင်းမှာ ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်ခြင်းဖြစ်သည်။

ကဆုန်လ ညောင်ရေသွန်းလောင်းခြင်းနှင့်ပတ်သက်၍ လောကဗျူဟာ အင်ရုံစာတမ်းတွင် ထူးခြားသောမှတ်ချက်တစ်ခုကိုလည်း လေ့လာသိရှိရသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဆိုရိုးစကားအတိုင်း နွေကာလ၏ အပူဆုံးလများဖြစ်၍ ရေများခန်းခြောက်လေ့ရှိသည်။ ရမည်းသင်းမင်းတရားလက်ထက်တွင် ကဆုန်လ မိုးမရွာ၍ အိပ်မက်မြင်မက်ရာ၊ ထိုအိပ်မက်ထဲကအတိုင်း ပတ္တမြားစေတီဘုရား၌ ညောင်ရေသွန်းခြင်းကိစ္စကို စီရင်သည်။ ညောင်ရေသွန်းပြီးနောက် နန်းတော်သို့အပြန်မှာပင် မိုးသည်းထန်စွာရွာချသည်။ ထိုအချိန်မှစ၍ ပတ္တမြားစေတီဘုရားကို ညောင်ရေ နှစ်စဉ်မပြတ် သွန်းလောင်းခဲ့ကြောင်းနှင့် မိုးခေါင်ရေရှားအရပ်များ၌ မိုးကြီးရွာချစေရန် ညောင်ရေသွန်းသောဓလေ့ရှိခဲ့ကြောင်း လေ့လာမှတ်သားရသည်။

**ကဆုန်လ စံကားပန်းအကြောင်း တစေ့တစောင်း**

ထူးမြတ်သောကဆုန်လသည်ကား "ဖွင့်ပွင့်ပန်းစုံ၊ ရနံ့ထုံသည့် ကဆုန်လ" ဟူသော ဆိုရိုးစကားအတိုင်း နှင်းဆီပန်းရောင်စုံ၊ ရွှေပန်းနှင့် ငွေပန်း၊ ကံ့ကော်ပန်း၊ စံပယ်ပန်း၊ ဂန္ဓမာမျိုးစုံ၊ တောနေကြာပန်း၊ တောင်နေကြာပန်းများသာမက တစ်နှစ်မှတစ်ခါသာပွင့်သည့် ပိတောက်ပန်းများ၏အလယ်တွင် ကဆုန်လမြတ်၏ ပန်းဖြစ်သော "စံကားပန်း"မှာ ထုံသင်းပျံ့သောရနံ့ဖြင့် အဝါ၊ အစိမ်းရောင်ခြယ်ကာ ပန်းတို့ချင်းအလှပြိုင်အနိုင်ရသည့်လလည်းဖြစ်ပေသည်။ ဝိသာခါနက္ခတ်နှင့်စန်းယှဉ်၍ မွှေးပျံ့သောစံကားပန်းများသည် အဖြူရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင် အမျိုးမျိုးရှိကြသည်။ အဝါရောင်နှင့် လိမ္မော်ရောင်တို့က ရနံ့ပိုမွှေးကာ ပွင့်အားလည်း ပိုကောင်းသည်။ ရံဖန်ရံခါ ရွှေအိုရောင်အပွင့်များကို တွေ့ရတတ်သည်။ အထူးသဖြင့် ပုပ္ပားတောင်ဒေသတစ်ဝိုက်၌ စံကားပန်းပင်ပေါများသည်။ မြန်မာရာဇဝင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ လူစွမ်းကောင်းဗျတ္တနှင့် ဇနီး ပန်းစားဘီလူးမ မယ်ဝဏ္ဏ (နောင်တွင် ပုပ္ပားမယ်တော်) တို့၏ လွမ်းဆွေးဖွယ်ဇာတ်လမ်းလေးကြောင့်လည်း စံကားပန်းပွင့်လေးများကို လူအများက အသနားပို ချစ်ခင်ကြရသည်။

သိပ္ပံနည်းအရ ရုက္ခဗေဒအမည်မှာ Michelia Champaca Linn ဖြစ်ပြီး Magnoliaceae မျိုးရင်းဖြစ်သည်။ အင်္ဂလိပ်လို Golden၊ Yellow Champak၊ Michelia Champaca ဟု ခေါ်ကြသည်။ စံကားပန်းပင်တို့သည် သဘာဝအလျောက် ပေါက်ရောက်သည်။ အမြဲစိမ်းလန်းသောအပင်ကြီးမျိုးဖြစ်ပြီး မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ ပေါက်ရောက်သည်။ အကိုင်းအခက်များဖြာထွက်၍ အမွေးနုများဖုံးလွှမ်းနေသည်။ အခေါက်ချောမွတ်၍ မီးခိုးရောင်ရှိသည်။ အတွင်းသားပျော့သည်။ အရွက်က ဘဲဥပုံ၊ လုံးစွပ်ပုံသဏ္ဌာန်ရှိသည်။ ၈ လက်မမှ ၁၀ လက်မအထိရှည်၍ ရွက်ညှာမှာ တစ်လက်မခန့်အထိရှည်သည်။ အရွက်နုစဉ် အမွေးနုကလေးများရှိ၍ ရင့်သောအခါ ပြောင်ချောပြီး ရွက်နားညီသည်။ တစ်ပွင့်တည်းပွင့်၍ အလွန်မွှေးကြိုင်သည်။ ပွင့်ဖတ် ၂ လက်မမှ ၃ လက်မအထိရှည်သည်။ သေးငယ်သော ဝတ်ဆံများပါရှိသည်။ ပွင့်ညှာတိုသည်။ ကဆုန်၊ နယုန်လတွင် အပွင့်ပွင့်သည်။ အသီးမှာ ၁ လက်မမှ ၂ လက်မအထိရှည်သည်။ အခိုင်လိုက်သီးသည်။ ပန်းညိုရောင်အစေ့များပါရှိသည်။ တော်သလင်းလတွင် စတင်သီးသည်။

**ဆေးဖက်ဝင် စံကားပန်း**

ဖြူ၊ စိမ်း၊ ဝါ၊ လိမ္မော် စံကားပန်းပင်အမျိုးမျိုးရှိသော်လည်း ဆေးဖက်ဝင်ပုံမှာ အတူတူပင်ဖြစ်သည်။ သို့သော် အရောင်ပို၍ရင့်သော စံကားပန်းပွင့်၏ အပင်က ဆေးစွမ်းပိုမိုထက်မြက်သည်။ အပွင့်၊ အရွက်၊ အသီး၊ အခေါက်၊ အမြစ် တစ်ပင်လုံးဆေးဖက်ဝင်သည်။ မြန်မာဆေးကျမ်းများအဆိုအရ "စံကားဝါသည် ဖန်ချိုသောအရသာရှိ၍ အေးသောဂုဏ်သတ္တိရှိ၏။ သည်းခြေ၊ သလိပ်တို့ကိုနိုင်၏။ သွေးအန်၊ သွေးကျ၊ ဆီးအောင့်၊ နူနာ၊ အဆိပ်၊ ယားနာ၊ အနာပေါက်တို့ကို ပျောက်ကင်းစေ၏" ဟု ဖော်ညွှန်းထားသည်။

- အပွင့်ကို ညက်အောင်ကြိတ်၍ ရေအေးနှင့် တစ်ရက်လျှင် နှစ်ကြိမ် ဖျော်သောက်သော် ဆီးလမ်းကြောင်းပိုးဝင်၍ ရောင်ရမ်းခြင်း၊ ဆီးအောင့်ခြင်း၊ ကျောက်ကပ်အားနည်းခြင်းရောဂါများပျောက်ကင်း၍ ဆီးကိုရှင်စေသည်။
- နှာစေး၊ တုပ်ကွေးဖျားနာ ကူးစက်ရောဂါများနှင့် ရင်တုန်၊ မူးမော်ခြင်းအတွက် အပွင့်၏ရနံ့ကို ရှူရှိုက်ခြင်းဖြင့် ရောဂါသက်သာစေသည်။
- အပွင့်ကို နေရိပ်ထဲတွင်အခြောက်ခံပြီး သိမ်းထားပါ။ ရာသီမရွေး တုပ်ကွေးဖျားနာခြင်းအတွက် ယင်းအပွင့်ခြောက်ကို ရေနွေးစိမ်၍ လက်ဖက်ခြောက်ကဲ့သို့ ခတ်သောက်ပါ။
- နွေရာသီမိတ်ပေါက်၍ အရေပြားယားယံခြင်းဖြစ်ပေါ်ပါက စံကားပွင့်ကိုကြိတ်ခြေ၍ ရလာသောအရည်ကို လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။
- အပွင့်ပြုတ်ရည်ကိုသောက်သော် အစာအိမ်နာရောဂါ၊ လေရောဂါ၊ ကျောက်ကပ်ရောဂါ၊ ညောင်းကျရောဂါများကို ပျောက်ကင်းစေသည်။
- ဓမ္မတာထိန်ခြင်း၊ ချုပ်ခြင်း၊ နည်းခြင်းတို့အတွက် စံကားပန်းပွင့်ကို ဝါးစားပြီး ရေသောက်ပေးပါ။
- အစာအိမ်နှင့် အူလမ်းကြောင်းရှိ သန်ကောင်များကို သုတ်သင်ရှင်းလင်းရန် အပွင့်လက်တစ်ဆုပ်ခန့်ကို ကြိတ်ခြေ၍ ရလာသောအရည်ကို တစ်ပတ်လျှင် သုံးကြိမ်ခန့်သောက်ပါ။
- အစာအဆိပ်သင့်ခြင်းအတွက် စံကားပန်းပွင့်ကို ကြိတ်ခြေ၍ ရလာသောအရည်ကို သောက်ပါ သို့မဟုတ် အပွင့်ကို ညက်ညက်ဝါးစားပါ။
- အစာကြေ ရင်ချောင်စေရန် အပွင့်ကိုရေစိမ်၍ ထိုအရည်ကို ထမင်းမစားမီသောက်ပါ။
- ဒူလာရောဂါအတွက် စံကားပန်းပင်အရွက်ပြုတ်ရည်ကို တစ်ရက်လျှင် နှစ်ကြိမ်သောက်ပါ။ ထိုပြုတ်ရည်က ချောင်းဆိုးခြင်းကိုလည်း သက်သာပျောက်ကင်းစေသည်။
- အသည်းနှင့် သည်းခြေရည်ကောင်းစေရန် စံကားပန်းပွင့်နှင့် အရွက်တို့ကို ကြိတ်ခြေသောက်ပါ။
- နကျယ်ကောင်များက စံကားပန်းပွင့်၏ရနံ့ကိုကြောက်ကြသည်။ ထို့ကြောင့် အိမ်ပြတင်းပေါက်များ၌ စံကားပန်းများကို အပ်ချည်ကြိုးဖြင့်သီ၍ ချိတ်ဆွဲထားခြင်းဖြင့် နကျယ်ကောင်များ အိမ်ထဲသို့ ဝင်မလာအောင် တားထားနိုင်သည်။
- အရွက်နုစိမ်ရည်ကိုစစ်၍ မျက်စိတွင် တစ်ရက်နှစ်ကြိမ် ခတ်ပေးသော် မျက်စိအတွင်း အညစ်အကြေးများ စင်ကြယ်ပြီး မျက်စိအားနည်းရောဂါ ပျောက်ကင်းစေသည်။
- အရွက်ကိုရေညှစ်၍ ပျားရည်နှင့်ရောသောက်သော် ရင်ဘတ်အောင့်နာကို ပျောက်ကင်းစေသည်။ ဝမ်းတွင်းရှိ တုတ်ပိုး၊ သန်ပိုးများကိုလည်း ကျစေနိုင်သည်။
- ဝမ်းမှန်မှန်သွားစေရန် အရွက်ကိုကြိတ်၍ စားပါ သို့မဟုတ် အရွက်ပြုတ်ရည်ကို အအေးခံသောက်ပါ။
- အဆစ်အမျက် နာကျင်ကိုက်ခဲခြင်းနှင့် ဂေါက်ရောဂါတို့အတွက် စံကားပန်းပင် အရွက်ကိုကြိတ်ခြေ၍ ရလာသောအနှစ်ကို လိမ်းပြီးနောက် အဝတ်စည်းထားပါ။
- အရေပြားပေါ်က အနာဖု၊ အနာစက်များအတွက် စံကားပန်းပင်အရွက်ကိုကြိတ်ခြေ၍ မကြာခဏလိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။
- ခြေဖနောင့်ကွဲအက်ခြင်း သက်သာပျောက်ကင်းစေရန် ရေဇလုံကြီးတစ်ခုအတွင်း အရွက်များခူးထည့်၍ ဇလုံထဲ၌ ၁၀ မိနစ်ခန့်ကြာ ခြေထောက်စိမ်ထားပါ။
- အသီး သို့မဟုတ် အစေ့ကို ရေနှင့်သွေးလိမ်းသော် ပေါင်၌ အကျိတ်အဖုဖြစ်ခြင်းကို ပျောက်ကင်းစေသည်။
- အသီးခွံနှင့် ပင်စည်အခေါက်များကို နူနာရောဂါကုသရာတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည်။
- ပင်စည်အခေါက်မှုန့်ကို ပျားရည်နှင့်ရောလျက်သော် ချောင်းခြောက်ရောဂါပျောက်ကင်းစေသည်။
- ပင်စည်အခေါက်ကို ပြုတ်သောက်သော် နာတာရှည်လေရောဂါ၊ အဆစ်ရောင်ရောဂါတို့ကို ပျောက်ကင်းစေသည်။
- အရွက်နှင့် ပင်စည်အခေါက်တို့ကို ပြုတ်သောက်သော် အစာအိမ်ရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေသည်။
- အရေပြားအောက်မှ အပူနာ(အနာပဆုပ်)ပေါက်ခြင်းအတွက်လည်း အရွက်နှင့် ပင်စည်အခေါက်ကြိတ်ရည်ကို လိမ်းပါ သို့မဟုတ် အရွက်နှင့် ပင်စည်အခေါက်ပြုတ်ရည်ဖြင့်ရေချိုးပါ။
- အမြစ်ခြောက် သို့မဟုတ် အမြစ်ခေါက်ကို ဒိန်ရည်နှင့်ရောကြိတ်၍ အနာများပေါ်၌ အုံပေးသော် အနာနုလျှင် ပိန်၍၊ ရင့်လျှင် ပြည်ပေါက်၍ ပျောက်ကင်းစေသည်။
- အူလမ်းကြောင်း ကြွက်တက်ရောဂါ (intestinal cramps) အတွက် ပင်စည်နှင့် အမြစ်ခေါက်တို့ကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပြုတ်သောက်ပါ။

အချုပ်အားဖြင့်ဆိုသော် ကဆုန်လသည် မြန်မာပြက္ခဒိန်၏ နွေလများထဲမှ ဗဟိုချက်မ အလယ်လဖြစ်၍ ကဆုန်လမှာ ဆွေ့ဆွေ့ခုန်ရလောက်အောင် ရာသီဥတုပူလွန်းသည်။ ထိုအချိန်တွင် သဘာဝအလျောက် ပွင့်ဖူးလာကြသည့် စံကားပန်း၏ရနံ့ကို တစ်ရှိုက်လောက်မွှေးရှိုက်လိုက်ခြင်းက စိတ်နှလုံးကို ကြည်သာရွှင်ပျအေးမြသွားစေသည်။ စံကားပန်းကို ရေစိမ်သောက်ခြင်းကလည်း ခန္ဓာကိုယ်တွင်း အပူငြိမ်းစေသည်။ သဘာဝက ဖန်တီးပေးထားသော နွယ်မြက်သစ်ပင်များတွင် ကောင်းကျိုးအပြင် ဘေးထွက်ဆိုးကျိုးများ ပါရှိကြသော်လည်း စံကားပန်းပင်ကမူ ထူးခြားစွာ ဘေးထွက်ဆိုးကျိုးလုံးဝမပါရှိဘဲ အမျိုးသား၊ အမျိုးသမီး အရွယ်သုံးပါးအားလုံးအတွက် ဆေးဖက်ဝင်လှသည်။ သို့ပါ၍ ကဆုန်၊ နယုန်လများတွင် လှိုင်လှိုင်ပွင့်တတ်သော စံကားပန်းပွင့်များကိုစုဆောင်း၍ ပွင့်ခြောက်လေးများကို သိမ်းဆည်းထားပြီး သင့်မိသားစု တစ်နှစ်တာလုံးကျန်းမာစေရန် အသုံးပြုနိုင်ကြပါစေကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။

**ပေါက်ပေါက်**

မင်းလှ၊ လူမှုရေး

## မင်းလှမြို့နယ် အောက်ကိုင်းကျေးရွာ၌ VRFP စီမံကိန်းချေးငွေများထုတ်ပေး

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ကိုင်းကျေးရွာအုပ်စု အောက်ကိုင်းကျေးရွာ၌ စတုတ္ထအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)မှချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို မေလ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပကြောင်းသိရသည်။


ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက အောက်ကိုင်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက အောက်ကိုင်းကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၇၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက အောက်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၆၉ ဦးအား ချေးငွေကျပ် ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူတစ်ဦးအား ချေးငွေကျပ် သုညဒသမ ၂၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူတစ်ဦးအား ချေးငွေကျပ် သုညဒသမ ၅၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၁ ဦးအား ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၇၀ သန်းကို သက်သာသောအတိုးနှုန်းများဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးထံမှ သိရသည်။ **ချိုလေး**

ဝမ်းတွင်း၊ လူမှုရေး

## ဝမ်းတွင်းမြို့နယ်၌ မိုးခေါ်လွန်ဆွဲပွဲစည်ကားသိုက်မြိုက်စွာကျင်းပ



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မိုးခေါ် လွန်ဆွဲပွဲကို မေလ ၂၀ ရက် နံနက်ပိုင်းတွင် ဝမ်းတွင်းအမှတ်(၃) ရပ်ကွက်၌ ကျင်းပသည်။

လွန်ဆွဲပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လွန်ဆွဲခြင်းသည် မြန်မာအဘိဓာန်ကျမ်းတွင် "လွန်"ကိုဖြတ်သန်းကျော်လွန်သည်၊ ဖိဆန်သည်၊ လိမ်ကျစ်ထားသောကြိုးဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး "လွန်ဆွဲခြင်း" ကို တစ်ဖက်နှင့်တစ်ဖက်အားပြိုင်ရန် လွန်ကြိုးကို အပြိုင်ဆွဲရသည့်အတွက် အားပြိုင်ပွဲဟုလည်းခေါ်ဆိုကြသည်။

လွန်ဆွဲခြင်းသည် အားသန်စေခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်း၍ ကျန်းမာခြင်း၊ စိတ်ပျော်ရွှင်ခြင်း၊ ယုံကြည်မှုအတွက် ကျေနပ်ခြင်း၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စည်းလုံးချစ်ခင်ညီညွတ်ခြင်း၊ အားကစားစိတ်ဓာတ်၊ အသင်းစိတ်ဓာတ်ရရှိခြင်းစသည့် အကျိုးရလဒ်များ ရရှိစေသည်။

အဆိုပါ မိုးခေါ်လွန်ဆွဲ ကစားခြင်းကို ဝမ်းတွင်းအမှတ်(၃)ရပ်ကွက်ရှိ ရပ်ကွက်သူ၊ ရပ်ကွက်သားများပါဝင်ကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **ကိုရဲ(ဝမ်းတွင်း)**

ဇလွန်၊ လူမှုရေး

## ဇလွန်မြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသည့် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို မေလ ၂၀ ရက် နံနက်ပိုင်းတွင် မြို့နယ်ပညာရေးမှူးရုံးရှေ့နှင့်အခြေခံပညာအထက်တန်းကျောင်း(မေရီလန်း)၊ အခြေခံပညာအထက်တန်းကျောင်း(ပျဉ်းမကုန်း) တို့၌ စိုက်ထူကြသည်။

အဆိုပါကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်ပညာရေးမှူး ဦးဖုန်းဇော်နှင့်တာဝန်ရှိသူများက အမွှေးနံ့သာတိုင်ဖြင့် ပက်ဖျန်းပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးသည်။ ဇလွန်မြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ်ကာလအဖြစ် မေလ ၂၃ ရက်မှဇွန်လ ၂ ရက်အထိဖြစ်ပြီး ကျောင်းအသီးသီး၌လည်း မိဘပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ကျောင်းအပ်နှံရေးသီတင်းပတ်မတိုင်မီ ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာများ စိုက်ထူကြမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံ(ဇလွန်ပြန်/ဆက်)**

### ကဆုန်လပြည့် ဗုဒ္ဓနေ့

(အဲချင်း)

* နွေလရယ်မှ ရာသီလေ
နေ့နာရီ သုံးဆယ့်နှစ်
နှစ်ဆယ့်ရှစ် ညအခါ
ကြယ်မင်းတာရာနှင့်
ဝိသာခါ ယှဉ်ပြိုင်လင်းတယ်
နေ့ခင်းတာရှည် ပါလို့လေ။

* စေတီရယ်မှ မြတ်လေး
ပရိဘောဂမည်ပေ ဗုဒ္ဓဟောကို
လောင်းကာဝေ နံ့သာပေါင်းနဲ့
ငြိမ့်ညောင်းလွင် ရေသဘင်ဆင်လို့
တောင်းဆုဝင် ညောင်ရေသွန်းကြတယ်
ညွှန်းပြုရန်များ။

* ချရားရယ်မှ တစ်ဖြာ
စကားဝါနှင့်
ငုဝါငယ်ကြွင်း ခိုင်ညှာဝင်းလို့
ကြိုင်သင်းပေသည်
နွေရာသီအလှ ပန်းတွေက
လန်းဆန်းနေဆဲ။

* အမြဲရယ်မှ တစေ
ဘုန်းတော်မွေ ဂုဏ်တင်မြတ်ပါလို့
လူနတ်ထိပ်တင် မုနိရှင်
ဖွားမြင် ပွင့်စံ ဗျာဒိတ်ခံသည့်
လပြည့်အခါဦးမှာ
ဆုထူးငယ်ဆင်
ပြိုသဆိုတဲ့ ရာသီခွင်ဝယ်
အို ဘယ်နှယ့် လှမ်းပါလို့
ကမ်းနိဗ္ဗူ ခေမာနန်းကို
ရော်ရမ်းမြဲလေး။ ။

**မြရည်နန္ဒာ**

ကျောက်ဆည်၊ လူမှုရေး

## ကျောက်ဆည်မြို့၌ အခြေခံကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား ဖွင့်လှစ်ပို့ချသော အခြေခံကွန်ပျူတာသင်တန်းအား မေလ ၁၉ ရက် မွန်းလွဲပိုင်းတွင် ခရိုင်လူထုအခြေပြုဗဟိုဌာန၌ သင်တန်းဆင်းပွဲကျင်းပကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကွန်ပျူတာဘာသာရပ်သည် လူငယ်တိုင်းတတ်ထားသင့်သည့်ဘာသာရပ်ဖြစ်၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကျွမ်းကျင်သည်အထိ ဆက်လက်၍ လေ့လာသင်ယူသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေး၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကွန်ပျူတာသင်တန်းနည်းပြဆရာမ ကထိကဌာနမှူး ဒေါ်နွယ်နီဝင်းနှင့် စက်မှုကျွမ်းကျင် (၅)ဦးတင်နိုင်ဝင်းတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးသည်။

အဆိုပါ အခြေခံကွန်ပျူတာသင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀ ဦးတက်ရောက်ပြီး သင်တန်းတွင် အခြေခံကွန်ပျူတာပညာရပ်များဖြစ်သည့် Microsoft Word, Microsoft Excel, Microsoft Power Point စသည့်ဘာသာရပ်များအား စာတွေ့လက်တွေ့ သင်ကြားပေးကြောင်းနှင့်သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် မေလ ၆ ရက်မှ ၁၉ ရက်ထိ နှစ်ပတ်ကြာမြင့်ကြောင်း သိရသည်။

**ကျောက်ဆည် (ခရိုင်ပြန်/ဆက်)**

လန်ဒန်၊ ဘောလုံး

# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံး မန်စီးတီးအသင်းချန်ပီယံဆုရရှိပြီး လူတန်အသင်း ဘန်လေအသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ တန်းဆင်းခဲ့ရ



၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး နောက်ဆုံးပွဲစဉ်အထိ ချန်ပီယံဆုအတွက် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ အားပြိုင်ခဲ့ရကာ မန်စီးတီးအသင်းက ဝက်စ်ဟမ်း အသင်းကို အိမ်ကွင်း၌ ၃ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိခဲ့၍ ချန်ပီယံဆုကို လေးရာသီဆက် စံချိန်တင်ဆွတ်ခူးရရှိပြီး လူတန်အသင်း၊ ဘန်လေအသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ တန်းဆင်းခဲ့ရကြောင်း သိရသည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် နောက်ဆုံးပွဲစဉ်အထိ အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့အားပြိုင်ခဲ့ရပြီး ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် မန်စီးတီးအသင်းက ရမှတ် ၈၈ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်ခဲ့သည်။ အာဆင်နယ်အသင်းကလည်း နှစ်မှတ်အကွာ ၈၆ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဖိအားပေးခဲ့ကာ နောက်ဆုံးပွဲစဉ်တွင် အာဆင်နယ်အသင်းက အဲဗာတန်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် မန်စီးတီးအသင်းက ရမှတ် ၉၁ မှတ်ဖြင့် ချန်ပီယံဆုရရှိခဲ့ပြီး အာဆင်နယ်အသင်းက ရမှတ် ၈၉ မှတ်ဖြင့် အဆင့်(၂)နေရာဖြင့်ပင် ကျေနပ်ခဲ့ရသည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် မန်စီးတီးအသင်းနှင့်အတူ အဆင့်(၂)နေရာမှ အာဆင်နယ်အသင်း၊ အဆင့်(၃)နေရာမှ လီဗာပူးအသင်းနှင့် အဆင့်(၄)နေရာမှ အက်စ်တွန်ဗီလာအသင်းတို့က လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိခဲ့သည်။

အလားတူ အဆင့်(၅)နေရာမှ စပါးအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲနှင့် အဆင့်(၆)နေရာမှ ချယ်လ်ဆီး အသင်းက ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သော်လည်း မန်ယူအသင်း အက်ဖ်အေဖလားဆွတ်ခူးနိုင်မည်ဆိုပါက မန်ယူအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် တန်းဆင်းသုံးနေရာအတွက် ပြီးခဲ့သည့် ဘောလုံးရာသီက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ တန်းတက်လာကြသည့် လူတန်အသင်း၊ ဘန်လေအသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့က တစ်ရာသီအကြာတွင်ပင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ပြန်လည်တန်းဆင်းခဲ့ရပြီး အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ လက်စတာအသင်းနှင့် အစ်ပ်စ်ဝှစ်ချ်အသင်းတို့က လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး လိဒ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ထဲမှတစ်သင်းမှာ ရှုံးထွက်ပွဲစဉ်ကစားပြီး တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ပေးဂိုးမရှိပွဲအများဆုံးဂိုးသမားဆုဖြစ်သည့် ရွှေလက်အိတ်ဆုကို အာဆင်နယ်အသင်းမှ ဂိုးသမား ဒေးဗစ်ရိုင်ယာက ဆွတ်ခူးနိုင်ခဲ့ပြီး သွင်းဂိုး အများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကို မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၂၇ ဂိုးဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းသည် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီ၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီနှင့် ယခု ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတို့တွင် ချန်ပီယံဆုကို လေးရာသီဆက်ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုကို လေးရာသီဆက်ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

***Ref;Goal.com***

---

မီလန်၊ ဘောလုံး

# အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်လိမ့်မည်ဖြစ်ကြောင်း အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်ပြောကြား

အင်တာမီလန်အသင်း တိုက်စစ်မှူးတစ်ဦးဖြစ်သည့် မာတီနက်ဇ်က မိမိအနေဖြင့် အသင်းတွင် ကစားရသည်မှာ ပျော်ရွှင်မှုရှိနေပြီး အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၆ နှစ်အရွယ် မာတီနက်ဇ်သည် ၂၀၁၈ ခုနှစ်က အာဂျင်တီးနားကလပ် ရေဆင်းကလပ်အသင်းမှ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သည့်အတွက် အင်တာမီလန်အသင်းကလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းလျက်ရှိသည်။

မာတီနက်ဇ်သည် အင်တာမီလန်အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင်လည်း အင်တာမီလန်အသင်း ပြိုင်ပွဲမပြီးဆုံးမီ အီတလီစီးရီးအေချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်သူဖြစ်သည်။

မာတီနက်ဇ်အနေဖြင့် အစောပိုင်းနှစ်အပြောင်းအရွှေ့ကာလများတွင် ဥရောပထိပ်တန်းကလပ်အသင်းကြီးများနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင် မာတီနက်ဇ်ကိုယ်တိုင်က အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်သာ ပြင်ဆင်နေသည်။

မာတီနက်ဇ်သည် ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ စီးရီးအေပြိုင်ပွဲတွင် ၂၄ ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

***Ref;Fabrizio Romano***

---

မန်ချက်စတာ၊ ဘောလုံး

# မန်ယူအသင်း တိုက်စစ်ကစားသမား ဂရင်းဝုဒ်ကို ဂျူဗင်တပ်စ်အသင်းနှင့် နာပိုလီအသင်းတို့ကခေါ်ယူရန်စီစဉ်နေ

ယခုဘောလုံးရာသီတွင် မန်ယူအသင်းမှ စပိန်လာလီဂါကလပ် ဂီတာဖေးအသင်းထံ အငှားစာချုပ်ဖြင့် ကစားနေသည့် တိုက်စစ်ကစားသမား ဂရင်းဝုဒ်ကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေထိပ်သီး ဂျူဗင်တပ်စ်အသင်းနှင့် နာပိုလီအသင်းတို့ကခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ဂရင်းဝုဒ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဂီတာဖေးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားနေကာ အသင်း၌ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ၁၀ ဂိုးသွင်းယူနိုင်ခဲ့သည်။ ၎င်းကို စပိန်ကလပ် ဂီတာဖေးအသင်းနှင့် အက်သလက်တီကိုအသင်းတို့က ခေါ်ယူဖွယ်ရှိပြီး လက်ရှိတွင်လည်း ဂျူဗင်တပ်စ်အသင်းနှင့် နာပိုလီအသင်းတို့ကပါ ခေါ်ယူရန်အတွက် အပြိုင်ကမ်းလှမ်းရန် စီစဉ်နေခြင်းဖြစ်သည်။

ယခုဘောလုံးရာသီအကုန်တွင် ဂရင်းဝုဒ်သည် ဂီတာဖေးအသင်းနှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး မန်ယူအသင်းနှင့်ပူးပေါင်းရမည်ဖြစ်သော်လည်း ဂရင်းဝုဒ်ကိုယ်တိုင် မန်ယူအသင်းနှင့် ပြန်လည်မပူးပေါင်းလိုတော့ဘဲ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီး မန်ယူအသင်းကလည်း သင့်တော်သည့်ပြောင်းရွှေ့ကြေးရရှိမည်ဆိုပါက ရောင်းချရန် ဆုံးဖြတ်ထားရာ ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ သတ်မှတ်ထားကြောင်း သိရသည်။

***Ref;The Athletic***



# “အိမ်နီးချင်းနိုင်ငံ၏ တစ်ခုတည်းသောမူဝါဒ”

အမောင်

ရုရှားသမ္မတဗလာဒီမာပူတင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးစဉ်သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် မေလ ၁၅ ရက်နေ့တွင်စတင်ခဲ့သည်။ ပူတင်၏ ပဉ္စမမြောက် သမ္မတသက်တမ်းတွင် ပထမဦးဆုံးသော ပြည်ပခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့စတင်ခဲ့ခြင်းသည် ရုရှားနှင့်တရုတ်တို့၏ မဟာဗျူဟာမြောက် လုပ်ဖော်ကိုင်ဖက်(Strategic Partnership) အပေါ် အခြေခံခြင်းသာဖြစ်သည်ဟု မြင်မိသည်။

၂၀၂၂ ခုနှစ်ကတည်းကစတင်၍ ကမ္ဘာကြီးသည် စစ်မီးတောက်လောင်နေခဲ့သည်ကို တွေ့ရှိရသည်။ ယူကရိန်းသည် NATO ၏ အဖွဲ့ဝင်ဖြစ်ရေး၊ အစ္စရေး-အီရန်အရေး၊ ကိုရီးယားကျွန်းဆွယ်အရေးနှင့် ထိုင်ဝမ်အရေးတို့သည် တတိယကမ္ဘာစစ်အဖြစ်သို့ ဦးတည်နေသလောဟုပင် တွေးရမည်ဖြစ်ပါသည်။ အကယ်၍ တတိယကမ္ဘာစစ်ဖြစ်ခဲ့ပါမူ ကမ္ဘာပေါ်မှ လူသားမျိုးနွယ်ပျောက်ဆုံးသွားနိုင်သည်ဟု အများကတွေးမြင်ထားကြသည်။ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းနှင့် ဆက်စပ်ပြီး စစ်ရေးရှုမြင်ပုံများသည် အစဉ်ပြောင်းလဲလျက်ရှိပေသည်။

ကျွန်ုပ်တို့၏အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထိုင်ဝမ်အရေးသည် မိမိတို့နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏လုံခြုံရေးကို သက်ရောက်မှုရှိလာသည်။ တရုတ်နိုင်ငံနှင့် မိမိတို့မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်း ကီလိုမီတာပေါင်း ၂၂၀၀ ကျော် ထိစပ်လျက်ရှိသည်။ နယ်စပ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့သည်လည်း လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ကိုးကွယ်မှုများတူညီကြသည်။ သမိုင်းကြောင်းအစဉ်အလာအရ တရုတ်-မြန်မာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးသည် အေဒီ - ၈၀၂ ခုနှစ်က စတင်ခဲ့သည်။ မြန်မာနိုင်ငံမှ ပျူကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ထန်မင်းဆက်လက်ထက် မြို့တော်ချန်းအန်မြို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် အချိန်ကစသည်ဟု မှတ်တမ်းအရသိရသည်။ ထိုအချိန်မှစတင်၍ နှစ်နိုင်ငံ ဘုရင်အဆက်ဆက် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထူထောင်ခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ်တွင် ပုဂံမင်းနရသီဟပတေ့နှင့် တရုတ်မွန်ဂိုဘုရင် ကူဗလိုင်ခန်တို့ မပြေမလည်ဖြစ်ခဲ့ရာ ပြေလည်မှုရရှိရေးအတွက် ရှင်ဒိသာပါမောက်ဦးဆောင်သည့် ကိုယ်စားလှယ်ဖြင့် ပီကင်းသို့သွားရောက်ညှိနှိုင်းစေခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးပြေလည်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ်ကို ၁၉၄၉ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအပေါ် ကြိုဆိုထောက်ခံသော အာရှတိုက်၏ ပထမဆုံးအသိအမှတ်ပြုသည့်နိုင်ငံဖြစ်ခဲ့သည်။

ထိုင်ဝမ်အရေးနှင့်ပတ်သက်၍ သမိုင်းနောက်ခံပြန်လှည့်ရမည်ဆိုပါက တရုတ်နိုင်ငံ၏ပြည်တွင်းစစ်သည် ကူမင်တန်(KMT) ဦးဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ROC) အစိုးရနှင့် တရုတ်ကွန်မြူနစ်ပါတီ (CCP)တို့အကြား ဖြစ်ပွားသည့်စစ်ပွဲဖြစ်သည်။ ယေဘုယျအားဖြင့် ၁၉၂၇ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ တစ်ကြိမ်၊ ၁၉၃၇ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ တစ်ကြိမ်၊ ၁၉၄၅ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ တစ်ကြိမ် စုစုပေါင်း ပြည်တွင်းစစ် သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ကြားကာလများတွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်ဖြင့် ရပ်တည်ခဲ့ကြသည်။ နောက်ဆုံးအကြိမ်ဖြစ်ပွားသည့် ၁၉၄၅ ခုနှစ်မှ ၁၉၄၉ ခုနှစ်ကြားကာလကို တရုတ်ကွန်မြူနစ်တော်လှန်ရေးဟု ရည်ညွှန်းခဲ့ကြသည်။




၁၉၅၀ ပြည့်နှစ်ကာလအလွန်တွင် စစ်ရှုံးသည့် ကူမင်တန်တို့သည် ထိုင်ဝမ်ကျွန်းသို့ခိုလှုံခဲ့ပြီး သီးခြားနိုင်ငံအဖြစ်ကြွေးကြော်ခဲ့ကြသည်။

၁၉၇၁ ခုနှစ်တွင် ကျင်းပသည့် (၂၆)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် (၂၇၅၈) တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိုးရကိုသာ ကုလသမဂ္ဂတွင် ကိုယ်စားလှယ်ထားခွင့်ပေးထားခဲ့သည်။ ချန်ကေရှိတ်ဦးစီးကိုယ်စားလှယ်အဖွဲ့အား ကုလသမဂ္ဂမှ ဖယ်ထားခဲ့သည်။ ၎င်းအပြင် ကုလသမဂ္ဂက ထိုင်ဝမ်ကို တရုတ်နိုင်ငံ၏ ပြည်နယ်တစ်ခုအနေဖြင့်သာ သတ်မှတ်ရည်ညွှန်းခဲ့သည်။ ထို့ကြောင့်သာ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၁ နိုင်ငံက တရားဝင်သံတမန်ဆက်ဆံရေးထူထောင်လျက်ရှိနေခြင်းဖြစ်သည်။

၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်သည့် တရုတ်-အမေရိကန် တရားဝင်သံတမန်ဆက်ဆံရေး ထူထောင်မှုပူးတွဲသဘောတူကြေညာချက်တွင် “တရုတ်နိုင်ငံသည် နိုင်ငံတစ်ခုဖြစ်ပြီး ထိုင်ဝမ်သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်သည်ဆိုသည့်အချက်ကို အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြုကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အစိုးရကိုသာ တရုတ်နိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရအဖြစ် သတ်မှတ်ကြောင်း” ဖော်ပြထား၏။ ထို့သို့ဖြစ်၍ တရုတ်နိုင်ငံသည် ထိုင်ဝမ်ဒေသကို ၎င်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားလုံခြုံရေးဥပဒေ၊ သမိုင်းကြောင်းအစဉ်အလာအရ တရုတ်နိုင်ငံ၏ နယ်မြေဒေသအစိတ်အပိုင်းအဖြစ်သတ်မှတ်ပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) အား အစဉ်ထောက်ခံကြောင်းဖော်ပြနေသည်။

၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှစ၍ အမေရိကန်၏ ကမ္ဘာ့ဩဇာလွှမ်းမိုးမှုသည် ဧကဝင်ရိုးအဖြစ် ကမ္ဘာကြီးကိုထိန်းကျောင်းသည့် တစ်ခုတည်းသော စူပါပါဝါနိုင်ငံအဖြစ် ခေါ်ဝေါ်ရလောက်အောင် ဩဇာကြီးမားခဲ့သည်။ ယခုအချိန်တွင် New World Order အခင်းအကျင်းအသစ်အဖြစ် တရုတ်၏ဩဇာသည် ကြီးမားလာခဲ့သည်။ အမေရိကန်သည် အင်ဒို-ပစိဖိတ်ဒေသအတွင်း ဩဇာလွှမ်းမိုးနိုင်ရေးနှင့် တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမဟာဗျူဟာအသုံးပြု၍ တိုက်ခိုက်လျက်ရှိပေသည်။ ၎င်းအပြင် ဒီမိုကရေစီစံသတ်မှတ်ချက်များကို အကြောင်းပြုပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်လျက်ရှိသည်ကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။ အခြားသောမဟာဗျူဟာကျသည့် နည်းလမ်းအဖြစ် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအား ၎င်းတို့ဘက်ပူးပေါင်းလာစေရန် စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနည်းမျိုးစုံဖြင့် ဆွဲဆောင်စည်းရုံးလျက်ရှိပေသည်။ အနီးစပ်ဆုံးဥပမာပြရမည်ဆိုပါက ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး တပ်မတော်က နိုင်ငံတော်အာဏာကို ခေတ္တထိန်းရသည့်အခြေအနေပင်ဖြစ်သည်။ အမေရိကန်၏ညွှန်ကြားချက်နှင့် CIA ၏ လက်ဝေခံအဖြစ် NUG ဆိုသည့် အကြမ်းဖက်အဖွဲ့အစည်းတစ်ခု မွေးဖွားပေးခဲ့ခြင်းပင်ဖြစ်သည်။ အမှန်တကယ်တွင် အမေရိကန်သည် အောက်လမ်းဆရာကြီးပင်ဖြစ်သည်။ အမေရိကန်သည် ကမ္ဘာ့နိုင်ငံအများအပြားကို နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးတို့ဖြင့် လွှမ်းမိုးခြယ်လှယ်ချုပ်ကိုင်ချင်သည့် စူပါပါဝါနိုင်ငံဖြစ်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည်။

တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးတည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို အကြိမ်ကြိမ်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။ ၎င်းတို့ဩဇာခံရုပ်သေးအစိုးရအဖြစ်ပုံဖော်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် မြန်မာ့တပ်မတော်၏ ရပ်တည်ချက်ကြောင့် ၎င်းတို့၏ရည်မှန်းချက်မအောင်မြင်ခဲ့ချေ။ အကယ်၍သာ မြန်မာနိုင်ငံတွင် အမေရိကန်၏ စိတ်တိုင်းကျ ဩဇာခံအစိုးရပေါ်ပေါက်လာခဲ့ပါက ကျွန်ုပ်တို့၏အနာဂတ်မှာ မတွေးဝံ့စရာပင်ဖြစ်သည်။

တရုတ်နှင့်မြန်မာသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေရေးမူ (၅)ချက်နှင့်အညီ လေးစားလိုက်နာခဲ့သည့်နိုင်ငံများဖြစ်ကြောင်း ထပ်လောင်းရည်ညွှန်းစေချင်သည်။ ထိုင်ဝမ်ရှိ တရုတ်ဖြူအစိုးရသည် တရုတ်ပြည်မကြီးအား ပြန်လည်ရရှိရေးအတွက် အစဉ်တစိုက်ကြိုးစားခဲ့သည်။ နှစ်ပေါင်း ၅၀ ကြာမြင့်သည့်တိုင် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၂၁ ရာစုအစောပိုင်းရောက်ရှိလာသောအခါ ထိုင်ဝမ်ခေါင်းဆောင်သစ်များ၏ နိုင်ငံရေးအမြင်မှာ ပြောင်းလဲလာခဲ့ကြသည်။ ယင်းမှာ တရုတ်ပြည်မကြီးအား ပြန်လည်ရရှိလိုခြင်းထက် ထိုင်ဝမ်ကို သီးခြားလွတ်လပ်သည့် နိုင်ငံတစ်ခုအဖြစ်တည်ထောင်လိုလာကြသည်။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အမေရိကန်လွှတ်တော်အမတ်များဦးဆောင်၍ ထိုင်ဝမ်လုံခြုံရေးဖော်ဆောင်မှုဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေကြောင့် အမေရိကန်နှင့် ထိုင်ဝမ်တို့အကြား စစ်ရေးဆိုင်ရာကိစ္စရပ်များအပါအဝင် ဘက်ပေါင်းစုံပေါင်းစည်းခွင့်ရခဲ့သည်ဟုဆိုရမည်။ အမေရိကန်အနေဖြင့် ထိုသို့လုပ်ဆောင်ခြင်းသည် ၁၉၇၈ ခုနှစ် တရုတ်နိုင်ငံနှင့် တရားဝင်သံတမန်ဆက်ဆံရေး ထူထောင်မှု ပူးတွဲသဘောတူညီချက်ကို ဖြောင်ကျကျချိုးဖောက်လိုက်ခြင်းပင်ဖြစ်၏။ ၂၀၁၆ ခုနှစ်မှစ၍ ထိုင်ဝမ်သည် တရုတ်နိုင်ငံမှ ခွဲထွက်ရေးကြိုးပမ်းချက်အား အမေရိကန်အစိုးရ၏ အားပေးထောက်ခံမှုဖြင့် တစိုက်မတ်မတ်ကြိုးပမ်းလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ၂၀၂၄ ခုနှစ် မေလ ၂၀ ရက်တွင် ထိုင်ဝမ်သမ္မတသစ်အဖြစ် အသက် ၆၄ နှစ်ရှိသည့် လိုင်ချင်းတယ် (Lai Ching-te) ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီဖြစ်သည်။ သူသည် ထိုင်ဝမ်အာဏာရ ဒီမိုကရက်တစ်တိုးတက်ပြောင်းလဲရေးပါတီ (DPP) ၏ရွေးကောက်ခံသမ္မတလည်းဖြစ်သည်။ သမ္မတသစ်လိုင်ချင်းတယ်၏ နိုင်ငံအခြေပြုမိန့်ခွန်းတွင် “တရုတ်နိုင်ငံကို ထိုင်ဝမ်ရဲ့နိုင်ငံရေး၊ စစ်ရေးကိစ္စတွေကို ခြိမ်းခြောက်ဟန့်တားနေတာတွေ ရပ်တန့်ဖို့တောင်းဆိုလိုတယ်၊ ထိုင်ဝမ်အစိုးရဟာ ထိုင်ဝမ်ရေလက်ကြားမှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးထိန်းသိမ်းနိုင်ဖို့ အလုပ်တွေကို အပြင်းအထန်လုပ်ဆောင်နေတယ်။ ကမ္ဘာကြီးကိုလည်း စိုးရိမ်ကြောက်ရွံ့မှုမရှိတဲ့ပုံစံမျိုးဖြစ်အောင် လုပ်ဆောင်နေတယ်။ ထိုင်ဝမ်ဟာ ဒီမိုကရေစီအရေးနဲ့ လွတ်လပ်ခွင့်တွေအတွက် ဘယ်တော့မှအညံ့ခံမှာမဟုတ်ဘူး၊ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ရဲ့တစ်ခုတည်းသော ရွေးချယ်မှုနဲ့ သာယာဝပြောရေးဟာ ကျွန်တော်တို့ရဲ့ ရေရှည်ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုအတွက် ပန်းတိုင်ဖြစ်တယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။ ၎င်း၏ မိန့်ခွန်းကို စစ်ကြောမည်ဆိုပါက ထိုင်ဝမ်၏အနာဂတ်ကို ထိုင်ဝမ်ပြည်သူများသာလျှင် ဆုံးဖြတ်ခွင့်ရှိသည် ဆိုသောသဘောဖြစ်သည်။ လိုင်ချင်းတယ်၏ပြောစကားနှင့် ထိုင်ဝမ်၏ရပ်တည်ချက်သည် တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို ဆန့်ကျင်လျက်ရှိသည်ကို တွေ့မြင်ရမည်။

မျက်မှောက်ကာလတွင် အမေရိကန်သည် ထိုင်ဝမ်အပေါ် စစ်ရေးထောက်ပံ့မှုပေးခြင်းဖြင့် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်နေခြင်းဖြစ်သည်။ အမေရိကန်သည် နိုင်ငံတကာစာမျက်နှာ၌ ထိုင်ဝမ်ကို ကျောထောက်နောက်ခံပေးနေသည့် အရေးပါဆုံးနိုင်ငံလည်းဖြစ်သည်။ ထိုင်ဝမ်အနေဖြင့် နိုင်ငံတကာ၏ အကူအညီရရှိရေး နည်းလမ်းမျိုးစုံပိုမိုလုပ်လာနိုင်ဖွယ်ရှိပြီး စစ်ရေးအရလည်းတုံ့ပြန်နိုင်ရေး ပြင်ဆင်နိုင်ဖွယ်ရှိကြောင်း သုံးသပ်ရသည်။ ထိုကဲ့သို့ဆောင်ရွက်မှုများသည် ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုကိုထိခိုက်စေသည့်အပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းများကိုလည်း သက်ရောက်မှုရှိပေသည်။

နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်ပြဋ္ဌာန်းချက်သည် ၎င်းနိုင်ငံ၏ ကိုယ်ရေးကိုယ်တာဖြစ်ပြီး ယင်းကိုယ်ရေးကိုယ်တာသည် နိုင်ငံ၏အနာဂတ်လည်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံမှသည် ၎င်း၏အိမ်နီးချင်းနိုင်ငံများ၊ ထိုမှတစ်ဆင့် ဒေသတွင်းနိုင်ငံများ၊ နောက်ဆုံးတစ်ကမ္ဘာလုံးတည်ငြိမ်အေးချမ်းရေးအတွက် အတိတ်မှဖြစ်ပေါ်ခဲ့သော သင်ခန်းစာများ၊ ပစ္စုပ္ပန်တွင်ဖြစ်ပွားနေသော ပဋိပက္ခများ၊ အနာဂတ်တွင် ဖြစ်ပေါ်နိုင်သော အကျပ်အတည်းများကို တွေးဆချင့်ချိန်နိုင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် အဖျက်အမှောင့်အဖွဲ့အစည်းများ၏ နည်းမျိုးစုံသော သပ်လျှိုသွေးခွဲမှုများကို သတိပြုဆင်ခြင်ကာ ယနေ့မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် အပြုသဘောဖြင့် ကိုယ်ချင်းစာသိမြင်ကာ အစဉ်ထောက်ခံပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နေပြည်တော် မေ ၂၀

# မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်




မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ကျင်းပသည်။

ဖိုရမ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှတာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ခရီးစဉ်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြှင့်တင်ကြော်ငြာရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းအပေါ် သုံးသပ်ချက်များ၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ မန္တလေးတိုင်းဒေသကြီးကို ကမ္ဘာကသိသော ခရီးစဉ်ဒေသကြီးတစ်ခုအဖြစ် ဆောင်ရွက်သွားရမည့်အခြေအနေများနှင့် တိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်ဝင်ရောက်ခဲ့မှုအခြေအနေများ၊ ဖိုရမ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် အလားအလာကောင်းများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် ASEAN Tourism Award ဆုရရှိသော Rupar Mandalar Hotel နှင့် The View@Dattawgyaink Hotel တို့ကို ဆုများချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်ရာတွင် အဆင်ပြေစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အမရပူရမြို့နယ်အတွင်းရှိ ဦးပိန်တံတားသို့ သွားရောက်ပြီး ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်စေရေး စီစဉ်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ မြနန်းစံကျော်ရွှေနန်းတော်ကြီး၌ ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးနှင့် Tour package များ ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်နိုင်ရေးကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဆွဲဆောင်ရာနေရာများဖြစ်သည့် ကျောက်တော်ကြီးဘုရားနှင့် ကုသိုလ်တော်ဘုရားတို့တွင် ဘုရားဖူးခရီးသွားများ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာရွှေမြို့တော်ဟိုတယ်၌ ကျင်းပသည့် မြန်မာ-တရုတ်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်၏ Business Matching အစီအစဉ်သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် FAM Trip အသင်းအဖွဲ့များကိုယ်စား မြန်မာ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. David Liu ၊ မီဒီယာများကိုယ်စား Ms. Wan Zi Jing The Tourist Information (Editor in Chief)၊ ခရီးသွားအေဂျင်စီများကိုယ်စား Mr. Li Ru Can (YASO Travel)မှ အကြီးအကဲတို့က သွားရောက်ခဲ့သည့် ခရီးစဉ်များအလိုက် တွေ့ကြုံခဲ့ရမှုနှင့် လေ့လာခဲ့ရမှုအခြေအနေများ၊ တရုတ်နိုင်ငံ မီဒီယာများတွင် မြှင့်တင်ကြော်ငြာပေးသွားမည့်အခြေအနေများ၊ တရုတ်ခရီးသွားများ လာရောက်ရာတွင် အဆင်ပြေစေရန် ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကိုယ်စားလှယ်အဖွဲ့များကို အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂၀

# အားကစားနည်းပြ မွမ်းမံသင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပ



ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပထမဦးဆုံးအကြိမ် ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်ပညာဦးစီးဌာန အားကစားနည်းပြမွမ်းမံသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ အားကစားနည်းပြ၊ အားကစားမှူး၊ အားကစားတာဝန်ခံ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ကျောင်းစာတွင်သာမက အားကစားတွင် ထူးချွန်ထက်မြက်သော နိုင်ငံအတွက် အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးသည် အားကစားနည်းပြ၊ အားကစားမှူးနှင့် အားကစားတာဝန်ခံဆရာ၊ ဆရာမများအပေါ် တွင်မူတည်ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် နှစ်စဉ်အားကစားပြက္ခဒိန်ရေးဆွဲပြီးကျောင်းတွင်းပြိုင်ပွဲ၊ ကျောင်းပေါင်းစုံပြိုင်ပွဲ၊ ဇုန်အဆင့်ပြိုင်ပွဲနှင့်ဗဟိုအဆင့်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ အဆိုပါပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကို စိစစ်ရွေးချယ်ကာ တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသော ဦးတည်ချက်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအဆင့်မှသည် နိုင်ငံတော်အဆင့်၊ အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်လေ့ကျင့်ပေးကြစေလိုကြောင်း ပြောကြားကာ သင်တန်းကိုဖွင့်လှစ်ပေးသည်။

ယခုသင်တန်းတွင် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ် အားကစားနည်းများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အားကစားအဖွဲ့ချုပ်များမှ ကျွမ်းကျင်ပညာရှင်များက ၁၆ ရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ အားကစားနည်းပြ စုစုပေါင်း ၈၆ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"မိဘများ၏အတ္တစွဲကြောင့် စာသင်ကျောင်းနှင့် ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ"** ခေါင်းစဉ်ဖြင့် ၂၂-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စုပေါင်းကာကွယ် သဘာဝဘေးအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚ C | / | ၃၈.၀˚ C |
| ရန်ကုန် | ၂၆˚ C | / | ၃၉.၀˚ C |
| မန္တလေး | ၂၈˚ C | / | ၄၁.၀˚ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကျင်းပမည် ကိုဌေး(ကနောင်)

**ယမန်နေ့မှအဆက်**

**ထည့်သွင်းကျင်းပခဲ့သည့် အားကစားနည်းများနှင့် ပါဝင်ယှဉ်ပြိုင်သည့်အင်အား**

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်အား ၁၉၉၂ ခုနှစ် မေလ ၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဌာနချုပ်များ၊ တက္ကသိုလ် (အထက်/အောက်မြန်မာပြည်) အဆင့်၊ တိုင်းနှင့်ပြည်နယ် အခြေခံကျောင်းသားအဆင့်ဟူသော အဆင့် ၃ ဆင့်ခွဲကာ အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၇၂ သင်း၊ ပြိုင်ပွဲဝင် ကစားသမား ၁၀၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်အား ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိ ရန်ကုန်မြို့တွင် ဝန်ကြီးဌာနများအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့်ဟူ၍ ၂ ဆင့်ခွဲကာ အားကစားနည်း ၂၄ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀ သင်း၊ ပြိုင်ပွဲဝင်ကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့တွင် ဝန်ကြီးဌာနများအဆင့်၊ တိုင်းနှင့်ပြည်နယ် တက္ကသိုလ်များ(အထက်/အောက်) ဟူ၍ အဆင့် ၂ ဆင့်ခွဲကာ အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၅၅ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလွတ်တန်းအဆင့်တစ်မျိုးတည်းကိုသာ အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်း အားကစားနည်း ၄ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ ရည်ရွယ်ချက်များ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အား နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ထည့်သွင်းကျင်းပမည့် အားကစားနည်းများ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ အားကစားနည်း ခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြေး၊ ခုန်၊ ပစ် (အမျိုးသား၊ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပါဝင်မည့် အားကစားနည်းများမှာ ပြေး၊ ခုန်၊ ပစ်(အမျိုးသား၊ အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင်(အမျိုးသား၊ အမျိုးသမီး)၊ ဘိလိယက်/စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု (အမျိုးသား၊ အမျိုးသမီး)၊ ခရစ်ကတ်(အမျိုးသား)၊ ဘောလုံး(အမျိုးသား၊ အမျိုးသမီး)၊ ဖူဆယ်(အမျိုးသား၊ အမျိုးသမီး)၊ ဂေါက်သီး(အမျိုးသား)၊ ဂျူဒို(အမျိုးသား၊ အမျိုးသမီး)၊ ကရာတေး (အမျိုးသား၊ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး)၊ ရေကူး (အမျိုးသား၊ အမျိုးသမီး)၊ စားပွဲတင်တင်းနစ်




(အမျိုးသား၊ အမျိုးသမီး)၊ တိုက်ကွမ်ဒို(အမျိုးသား၊ အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား၊ အမျိုးသမီး)၊ မြန်မာ့သိုင်း(အမျိုးသား၊ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)၊ ဗိုဗီနမ်(အမျိုးသား၊ အမျိုးသမီး)၊ အလေးမ (အမျိုးသား၊ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား၊ အမျိုးသမီး) ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

**ပွဲတော်ကြီးအောင်မြင်စွာကျင်းပနိုင်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည်**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီအပြင် အားကစားသမားစိစစ်ရေးနှင့် အားကစားပြိုင်ပွဲများကျင်းပရေးကော်မတီ၊ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးကော်မတီ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ခုံသမာဓိကော်မတီနှင့် စာရင်းစစ်ဆေးရေး ကော်မတီတို့ကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

**ပြိုင်ပွဲဝင်အသင်းများ အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်ကြရန်လို**

အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းသည် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်၍ ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် အဆင့်မီမီဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အဆင့်ဆင့်သော ပြိုင်ပွဲများပြုလုပ်ပြီး စနစ်တကျ လူရွေးချယ်ခြင်း၊ စနစ်တကျကြိုတင်ပြင်ဆင်စုဖွဲ့လေ့ကျင့်မှုများ ပြုလုပ်ထားကြရန် လိုအပ်သည်။ ဝန်ကြီးဌာနနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်စားပြုအသင်းအဖွဲ့များအနေဖြင့် ပြိုင်ပွဲတိုင်း အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်ကြရန် လိုအပ်သကဲ့သို့ အားကစားနည်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာယှဉ်ပြိုင်ကြရန်လည်း အထူးလိုအပ်လှပေသည်။

ပြိုင်ပွဲကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြင့် ကျင်းပခြင်းဖြစ်သလို ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေများစွာ သုံးစွဲဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြိုင်ပွဲကျင်းပရခြင်း၏ ယှဉ်ပြိုင်သည့် ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန်နှင့် အမျိုးသားအားကစားပွဲတော်၏ ဂုဏ်ဒြပ်နှင့်အညီ ပြိုင်ပွဲတိုင်း ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သင့်လှပေသည်။

**အားကစားလောကအတွက် အကျိုးရှိမည့် ပွဲတော်ကြီးဖြစ်စေလို**

နိုင်ငံတော်အနေဖြင့် အမျိုးသားအားကစားပွဲတော်ကြီး ပြန်လည်ကျင်းပပေးခြင်းသည် အားကစားလောကအတွက် ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်သော်လည်း ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများအနေဖြင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်စသည့် အဆင့်ဆင့်သောပြိုင်ပွဲများ ပြုလုပ်ပြီး မျိုးဆက်သစ်များအား အခြေခံကျကျ ရွေးချယ်မှသာ အားကစားနည်းအလိုက် မျိုးဆက်သစ်များ အမြောက်အမြားပေါ်ထွက်လာမည်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ကြစေလိုသည်။ အားကစားသမားများ စိစစ်ရေးနှင့်ပြိုင်ပွဲများ ကျင်းပရေးကော်မတီအနေဖြင့်လည်း သက်တမ်းသတ်မှတ်ထားသည့် အားကစားနည်းများအတွက် သက်တမ်းမှန်ကန်မှုရှိစေရေး စစ်ဆေးဆောင်ရွက်မည့်အစီအမံများကိုလည်း ကြိုတင်စဉ်းစားစီမံဆောင်ရွက်သင့်သည်။ မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်ရေးကော်မတီအနေဖြင့်လည်း အားကစားနည်းအလိုက် ထူးချွန်သူများ မကျန်ရှိစေရေးအတွက် ရွေးချယ်မည့်အစီအမံများ ပြင်ဆင်ဆောင်ရွက်ထားရန်လည်း လိုအပ်သည်။ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပြီးပါက ၂၀၂၅ ခုနှစ်အတွင်း ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား အထောက်အကူပြုနိုင်မည့် အရည်အသွေးမီ အားကစားသမားများနှင့် အားကစားလောကအတွက် ရေရှည်အသုံးပြုနိုင်မည့် အားကစားနည်းအလိုက် ထူးချွန်သည့် မျိုးဆက်သစ်များ အများအပြားပေါ်ထွက်လာမှသာ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရကျိုးနပ်မည်ကို သတိပြုစေလိုပါသည်။

**ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်**

လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ထိုက်ထိုက်တန်တန်အားပေးဂုဏ်ပြုချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း နိုင်ငံတော်အတွက် ဆုတံဆိပ်ရယူပေးနိုင်ခဲ့မှုအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့ လစဉ်ထောက်ပံ့ကြေးများ ချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိသည်ကို အားကစားလောကသားများ အားကျဂုဏ်ယူဖွယ်ရာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။ ယနေ့ခေတ်ကာလကဲ့သို့ နိုင်ငံတော်အပိုင်းမှ အစစအရာရာ ဖြည့်ဆည်းအားပေး ဆောင်ရွက်ပေးနေသည့်အချိန်တွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အဆင့်ဆင့်သော တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အားကစားမီဒီယာများ အပါအဝင် ပြည်သူတစ်ရပ်လုံးမှ ဝိုင်းဝန်းပူးပေါင်းအားပေးဆောင်ရွက်ကြမည်ဆိုပါက အချိန်အတိုင်းအတာတစ်ခုအတွင်း မြန်မာ့အားကစား ပြန်လည်ဦးမော့လာနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသဖြင့် မြန်မာ့အားကစား တိုးတက်အောင်မြင်စေလိုသည့် ပြည်သူတစ်ရပ်လုံးနှင့်အတူ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းအား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုလိုက်ရပါကြောင်း. . . .။ ။

မန္တလေး မေ ၂၀

# တရားလွှတ်တော်ရှေ့နေများကောင်စီ (မန္တလေး)ရုံးခွဲဖွင့်လှစ်

တရားလွှတ်တော်ရှေ့နေများကောင်စီ (မန္တလေး)ရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ ၆၈ × ၇၀ လမ်းကြားရှိ အဆိုပါရုံးခွဲ၌ မေလ ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က တရားလွှတ်တော်ရှေ့နေများကောင်စီရုံးခွဲကို ရန်ကုန်တွင်သာမက မန္တလေးရုံးခွဲကိုပါ ဖွင့်လှစ်နိုင်ခဲ့သဖြင့် နှစ်စဉ်ကြေးကောက်ခံရာတွင် ယခင်ထက်ပိုမိုလွယ်ကူမည်ဖြစ်ပြီး နှစ်စဉ်ကြေးများပြည့်ဝစွာရရှိလာမည်ဖြစ်သည့်အပြင် ရှေ့နေရှေ့ရပ်များနှင့်ပတ်သက်၍ ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြုလုပ်ငန်းခွင်ပြင်ပ ကြီးကြပ်ခြင်း (Offsite Monitoring)နှင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်စစ်ဆေးခြင်း (Onsite Inspection)များမှာ တရားလွှတ်တော်ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်အဖြစ်လိုက်ပါဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ လိုက်ပါဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Enrol စစ်ဆေးခြင်းများအပေါ် ကြိုတင်စစ်ဆေးနိုင်ခြင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ(မန္တလေး)သို့ ရှေ့နေရှေ့ရပ်များအပေါ် တိုင်ကြားလာမှုနှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်နိုင်ခြင်း၊ ရှေ့နေရှေ့ရပ်များက တင်ပြလာသည့်အခက်အခဲများကို တရားလွှတ်တော်ရှေ့နေများကောင်စီကိုယ်စား ကြိုတင်ဖြေရှင်းနိုင်ခြင်း၊ အထက်မြန်မာပြည်ရှိ



တရားလွှတ်တော်ရှေ့နေများ၏ အကျိုးကို ယခင်ထက် ပိုမိုဆောင်ရွက်ပေးနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးများရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တရားလွှတ်တော်ရှေ့နေများကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများတွေ့ဆုံပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များမှာကြားကာ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအေးသိန်းတို့က လုပ်ငန်းဆိုင်ရာများတင်ပြကြရာ ဥပဒေရေးရာဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် မေ ၂၀

# အပူပိုင်းဒေသရှိ ခရိုင်များအတွင်း တစ်ရွာ ၂ ဧကကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ စစ်ဆေး

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ရှိ ရွှေတပင်ပျိုးဥယျာဉ်အတွင်း အပူပိုင်းဒေသအထူးစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောစိုက်ခင်းများတည်ထောင်ရန် သစ်မျိုး ၁၈ မျိုးဖြင့် ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိမှုအခြေအနေနှင့် ကန်ရေပျိုးဥယျာဉ်အတွင်း ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းနှင့် လူထုဖြန့်စိုက်ပျိုးရန်အတွက် သစ်မျိုး ၂၀ ဖြင့် ပျိုးပင် ၁၁၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးမြို့နယ် ဆင်ခေါင်း-ဇီးအိုင်ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးမည့် ၁/၂၀၂၄ ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၃၀ ၏ မြေပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာများ၏ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် ထင်းလိုအပ်ချက်များအတွက် သဘာဝတောများမှ မှီခိုနေမှုကို လျှော့ချနိုင်ရန်အတွက် ကျေးရွာထင်းစိုက်ခင်းများ၊ တစ်ရွာ ၂ ဧက စိုက်ခင်းများ တိုးချဲ့တည်ထောင်သွားရန်၊ စိုက်ခင်းတည်ထောင်ခြင်းနှင့်အတူ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ရေး၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းဖြင့် တစ်အုပ်တစ်မသစ်တောအုပ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးခရိုင်နှင့်မြို့နယ်သစ်တောဦးစီးဌာနရုံးများသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးခရိုင် မကွေးမြို့နယ်ရှိ ၁/၂၀၂၄ ကျေးရွာ ထင်းစိုက်ခင်းဧက ၂၀၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ ချောင်းကောက်ကျေးရွာ တစ်ရွာ ၂ ဧက ဘက်စုံသုံးစိုက်ခင်းနှင့် ဆင်ပေါင်ဝဲမြို့နယ် တောပုန်းကြီးကြိုးပြင်ကာကွယ်တော၊ အကွက်အမှတ် ၁ ရှိ ၂/၂၀၂၄ ကျေးရွာထင်းစိုက်ခင်း ၂၀ ဧက၏ မြေပြုပြင်ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ်ရှိ ၁/၂၀၂၃ ကျေးရွာထင်းစိုက်ခင်း ၁၂၅ ဧက၏အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သက္ကယ်ကျင်းကျေးရွာရှိ ၂၀၂၄ မိုးရာသီ ဘက်စုံသုံးစိုက်ခင်းတစ်ရွာ ၂ ဧက စိုက်ပျိုးမည့်နေရာ မြေပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့်တွေ့ဆုံကာ သစ်တောသစ်ပင်များ၏ ကောင်းကျိုးနှင့် လူသားတို့အပေါ် အကျိုးပြုပုံ၊ မိမိတို့ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များအား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပုံတို့နှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ ပြည်ကျွန်းကြိုးဝိုင်း ၇၈ ဧကအတွင်း သက်ကြီးကျွန်းစိုက်ခင်း ထိန်းသိမ်းစောင့်ရှောက်ထားမှုနှင့် ကျွန်းသစ်စေ့ထုတ်ဧရိယာ တည်ထောင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်ခင်းများ အောင်မြင်အောင်တည်ထောင်ရာတွင် မျိုးကောင်းမျိုးသန့်ကျွန်းသစ်စေ့များရရှိရေးသည် အလွန်အရေးကြီးသည့်အတွက် ကောင်းမွန်ဖြောင့်တန်းသောကျွန်းပင်များပေါက်ရောက်ရာ သဘာဝတောနှင့် သက်ကြီးကျွန်းစိုက်ခင်းနေရာများကို ကျွန်းသစ်စေ့ထုတ်ဧရိယာအဖြစ် တိုးချဲ့သတ်မှတ်သွားရန် မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ မြန်မာ့သစ်လုပ်ငန်းဧည့်ရိပ်သာတွင် ပြည်ထောင်စုဝန်ကြီးအား ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ် ဖမ်းဆီးဖော်ထုတ်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တရားမဝင်သစ်ဖမ်းဆီးဆောင်ရွက်မှုသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွန်း/သစ်မာ ၁၀၇၈၁ တန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၇၇၄၂ တန်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလလယ်အထိ ၁၆၃၁ တန်ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၂၆၅ တန်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလလယ်အထိ ၄၉၂ တန် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်သစ်ဖမ်းဆီးဖော်ထုတ်ရာတွင် နည်းလမ်းရှစ်သွယ်ဖြင့် ဆောင်ရွက်နေသည့်အနက် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အား ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေးအတွက် တရားမဝင်သစ်ဖမ်းဆီးဖော်ထုတ်ရေးသည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ပိတောက်မြိုင်ပျိုးဥယျာဉ်အတွင်း လူထုဖြန့်စိုက်ပျိုးခြင်းအတွက် သစ်မျိုး ၁၉ မျိုးဖြင့် ပျိုးပင် ၆၀၀၀၀ ကျော်ပျိုးထောင်ထားမှု၊ သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ ရွှေဝါမြိုင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၇ မျိုးဖြင့် ပျိုးပင် ၁၀၆၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၃ ခုနှစ် သီးနှံသစ်တောရောနှောစိုက်ခင်း၊ သာယာဝတီမြို့နယ် ရာပြည့်ပျိုးဥယျာဉ်အတွင်း သစ်ပင်စိုက်ပွဲတော်များနှင့် လူထုဖြန့်စိုက်ပျိုးခြင်းအတွက် သစ်မျိုး ၁၅ မျိုးဖြင့် ပျိုးပင် ၉၀၀၀၀ ကျော်ပျိုးထောင်ထားရှိမှု၊ တရားမဝင်သစ်ဖမ်းဆီးဖော်ထုတ်မှုမှရရှိလာသောသစ်များ စုပုံဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

♦ **ရှေ့ဖုံးမှအဆက်**

ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ ဗဟိုအဖွဲ့ အစည်းအဝေးသုံးကြိမ်၊ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်သည့် အလုပ်အဖွဲ့များနှင့် အစည်းအဝေးတစ်ကြိမ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများနှင့် အစည်းအဝေးနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများနှင့် ပြုလုပ်ခဲ့သည့်အစည်းအဝေးများတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ တင်ပြခဲ့မှုအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအား ရှင်းလင်းဖြေကြားစေခဲ့ပြီး အားသာချက်/အားနည်းချက်များကိုသုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုချမှတ်ပေးခဲ့ကြောင်း။

နည်းဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဌာနသုံးခုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့ခြောက်ခုတို့ကပေးပို့ခဲ့သည့် အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများမှ အလေးထားဖတ်ရှုပြီး ပြင်ဆင်သင့်သည်များကိုပြင်ဆင်၍ ရေးဆွဲထားသည့် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ(စတုတ္ထမူကြမ်း)ကို ရေးထုံးရေးနည်း စိစစ်ရန်နှင့် ဥပဒေကြောင်းအရ သဘောထားပြန်ကြားပေးရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ဥပဒေရေးရာဝန်ကြီး ဌာနမှ ဖြည့်စွက်ပြင်ဆင်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ပြန်ကြားခဲ့ပါကြောင်း၊ ယင်းပြန်ကြားလာမှုအပေါ် စံပြုလုပ်ထုံးလုပ်နည်း ပြုစုရေးဆွဲရေးနှင့် နည်းဥပဒေပြုစုရေးဆွဲရေးအလုပ်အဖွဲ့က အစည်းအဝေးခေါ်ယူပြီး ပြင်ဆင်ချက်/ဖြည့်စွက်ချက်များနှင့်အတူ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ(စတုတ္ထမူကြမ်း)ကို ထပ်မံပြုစုရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

နည်းဥပဒေ(စတုတ္ထမူကြမ်း)နှင့်ပတ်သက်၍ ဆွေးနွေးချက်များ၊ အကြံပြုချက်များရှိပါက ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် ဆွေးနွေးချက်၊ အကြံပြုချက်များကို ဆောလျင်စွာ ပေးပို့ပေးရန်ပြောကြားလိုပါကြောင်း၊ ပေးပို့လာသည့် အကြံပြုချက်များအပေါ် ပြင်ဆင်/ဖြည့်စွက်သင့်သည်များကို ပြင်ဆင်/ဖြည့်စွက်၍ ဥပဒေရေးရာဝန်ကြီးဌာနသို့ ရေးထုံးများစိစစ်ရန်နှင့် သဘောထားမှတ်ချက်များပြန်ကြားပေးရန် ထပ်မံပေးပို့သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ရေးထုံးများစိစစ်ပြီး အကြံပြုချက်များဖြင့် သဘောထားမှတ်ချက်ပြန်ကြားလာပါက ပြင်ဆင်ဖြည့်စွက်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက် ရယူသွားမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်း ပထမအပတ်စဉ်နှင့် ဒုတိယအပတ်စဉ်များကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တတိယအပတ်စဉ်အတွက် သတ်မှတ်သင်တန်းသားအရေအတွက် Time Frame များကိုလည်း မြေပြင်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူစေရန် ပြင်ဆင်ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး လက်ကမ်းစာစောင် ၆၈၆၂၅၀ စောင်ကို ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မြန်မာ့ရုပ်မြင်သံကြားမှလည်း သတင်း၊ TV Spot၊ ကြေညာချက် အစီအစဉ်၊ ဆောင်းပါးနှင့် နိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြောကြားချက်များအပါအဝင် နှိုးဆော်ချက်များ၊ TV မဂ္ဂဇင်း/ရေဒီယို မဂ္ဂဇင်းအဖြစ် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြောကြားခဲ့သော ဆောင်းပါးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အရာရှိတစ်ဦးပြောကြားခဲ့သည့် ဆောင်းပါးများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ပါရှိသည့် ဆောင်းပါးများကိုလည်း ကာကွယ်ရေးဝန်ကြီးဌာန Webportal တွင် အများပြည်သူကြည့်ရှုနိုင်ရန် တင်ထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှားမဖြစ်စေရေးနှင့် သတင်းမှန်များကျယ်ပြန့်စွာ ရောက်ရှိနိုင်ရေးအတွက် Mobile Operator လေးခုမှတစ်ဆင့် Short Message Service (SMS) အစောင်ရေ ၂၆၂ ဒသမ ၁၉ သန်း ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များအတွက် ဥပဒေပုဒ်မ-၂၂ နှင့် ၁၅(က)တွင် ပါရှိသည့် သတ်မှတ်ချက်များအပြင် ပြည်သူများသိသင့်သိထိုက်သောထုတ်ပြန်ချက်များကို Mobile Operator လေးခုမှတစ်ဆင့် SMS အစောင်ရေ ၁၃၃ သန်း ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်း သင်တန်းနှစ်ပတ်စဉ်ဖွင့်လှစ်ခဲ့ပြီးချိန်တွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များတွေ့ရှိခဲ့ရပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့စစ်မှုထမ်းအဖွဲ့များအနေဖြင့် တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် အပြန်အလှန်သုံးသပ်၍ လာမည့်အပတ်စဉ်များအတွက် ပြည်သူ့စစ်မှုထမ်းများခေါ်ယူရာတွင် ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးနှင့် လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် အလေးထား ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များကလည်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းအပတ်စဉ်နှစ်ခုကို အောင်မြင်စွာဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက်ပေးကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်ဖွင့်လှစ်ခဲ့သည့် အပတ်စဉ်များအတွက် ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ရာတွင် လာရောက်ရန် ပျက်ကွက်သူများအားလုံးကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အပတ်စဉ်(၃)ကို လျာထားချက် ပြည့်မီစွာဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခင်ဖွင့်လှစ်ခဲ့သည့် အပတ်စဉ်များ၌ တွေ့ကြုံခဲ့သည့် အတွေ့အကြုံအရ လျာထားချက်ပြည့်မီရေး ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး အစားထိုးဖြည့်တင်းမှုများရှိခဲ့ပါကြောင်း၊ ထိုသို့ဖြည့်တင်းရာတွင် SOP ပုံစံများ ပြည့်စုံစွာတင်ပြမှုမရှိသည့်အတွက် စာရင်းကွဲလွဲမှုများ၊ စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင် အချိန်ပေးဆောင်ရွက်ရခြင်းများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအတွေ့အကြုံများကို မှတ်ယူ၍ လာမည့်အပတ်စဉ်များတွင် စနစ်တကျ စီမံဆောင်ရွက်ကြရန်လိုကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် သတ်မှတ် Time Frame အတွင်းဝင်အောင် Check List နှင့် ဆောင်ရွက်ရန်လိုအပ်ပြီး အခက်အခဲရှိပါက ဝန်ကြီးချုပ်များထံ တင်ပြကြရန်လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့်ပတ်သက်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များက မှန်မှန်ကန်ကန်ဆောင်ရွက်စေရေး တိုင်း၊ ခရိုင်အဆင့်များက စနစ်တကျတာဝန်ပေးကြီးကြပ်ရန်မှာကြားလိုပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နိုင်ငံသား/ ဧည့်နိုင်ငံသား/ ပြုနိုင်ငံသား မဟုတ်သူများကို ပြည်သူ့စစ်မှုထမ်းရွေးချယ်ခြင်းမပြုရန် လိုအပ်ပါကြောင်း၊ ယခင်ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများ၏ အားနည်းချက်၊ အားသာချက်များအားသုံးသပ်ပြီး နောင်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းများအတွက် သတ်မှတ်လျာထားချက်များအတိုင်း ပြည့်မီရေး အလေးထားကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**ရန်ကုန် မေ ၂၀**

# အာကာသနည်းပညာဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Cooperation မှ အာကာသယာဉ်မှူး၏အာကာသနည်းပညာဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။




ရှင်းလင်းပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Cooperation မှ Deputy General Director for International Cooperation၊ H.E Mr. Savelyev Sergey Valentinovich နှင့် Roscosmos State Cooperation မှ Executive Director for Manned Space Program မှ အာကာသယာဉ်မှူး Mr. Krikalev Sergey Konstantinovich၊ Samara တက္ကသိုလ်မှ ကိုယ်စားလှယ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ နည်းပညာတက္ကသိုလ်(သန်လျင်)တို့မှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ်၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Cooperation မှ Executive Director for Manned Space Program အာကာသယာဉ်မှူး H.E Mr. Krikalev Sergey Konstantinovich က အာကာသနည်းပညာဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့ပြင် Samara တက္ကသိုလ် Chief Executive Officer, Dmitrity A. Baranov သည် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် Samara တက္ကသိုလ်အကြား အာကာသနည်းပညာနှင့်သက်ဆိုင်သည့် Exchange Program များ ဆက်လက်ဆောင်ရွက်သွားရေး ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂၀

# ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး





နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း နှင့်တာဝန်ရှိသူများလိုက်ပါလျက် မေလ ၁၈ ရက်နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ သင်တန်းကျောင်းကျောင်းအုပ်မှ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ (၄)ရပ်ဖြစ်သည့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးစသည့်မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ တည်ငြိမ်အေးချမ်းရေးကို အလေးထားဦးစားပေးတည်ဆောက်ရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ခိုင်မာပြီး ထူးချွန်ထက်မြက်သောနိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်ပေါ်လာစေရေး အလေးထားပြုစုပျိုးထောင်ပေးသွားရန်၊ ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်နှင့်ဆင်ခြင်တုံတရားများတိုးတက်မြင့်မားလာစေရန် ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ မကြာမီကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် အသင့်ဖြစ်စေရန်အတွက် ကျောင်း၏ဥပမိရုပ်ကောင်းမွန်စေရေး၊ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်တို့ကို ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများအနေဖြင့် ကျောင်း၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို သိရှိလိုက်နာ၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ခဲ့ကာ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျောင်းသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရေဖြူကျေးရွာအုပ်စု ရေဖြူအလယ်ရွာအနီးရှိ ဇော်ဂျီရေထွက်မှ Solar ရေတင်စနစ်ဖြင့် စိုက်ပျိုးရေး Pilot Project လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ပင်းတယ-ရပ်စောက်ကားလမ်းမှ ရှစ်သောင်းလေးထောင်ဘုရား - ရေဖြူကျေးရွာ အဝင်လမ်း ၁ မိုင် ၂ ဖာလုံ ကျောက်ဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သစ်အယ်ပင် - ထယ်သွန်းလမ်း ၂ မိုင် ၄ ဖာလုံအနက် ၁ မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယမန်နေ့ နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဆိုက်ခေါင်)သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)သို့ ရောက်ရှိပြီး ကျောင်းအုပ်၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းဝင်းအတွင်းနှင့် သုံးထပ်အိပ်ဆောင်အသစ် တည်ဆောက်မည့်နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်း (ဆိုက်ခေါင်) ကျောင်းအပြင်ပတ်လမ်းနှင့် ဆိုက်ခေါင်အားကစားကွင်း အဝင်အထွက်လမ်းအား အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆိုက်ခေါင်အားကစားကွင်းနှင့် ပွဲကြည့်စင်များကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့နယ် မဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်းဒေသတို့၌ အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လမ်းကွန်ရက်ဖောက်လုပ်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကောင်းကလွန်း-လွယ်မိုင်းတောင် (ပွိုင့် ၈၂၆၃) ၂ မိုင် ၆ ဖာလုံ မြေလမ်းသစ်ဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်းတည်ဆောက်ခြင်း၊ ပန်ကလ - ဒုံလိတန် ၃ မိုင် ၂ ဖာလုံ မြေလမ်းဖောက်လုပ်ပြီးစီးမှု၊ ကွန်ကရစ်တံတားသုံးစင်းနှင့် Box Culvert ၁၇ စင်း တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များမှာကြားခဲ့ပြီး လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များအား ရှင်းလင်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ကျင်းပသည့် လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး သင်တန်းအား ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘာသာရပ်အလိုက်လေ့ကျင့်ပို့ချနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိသည့် သင်ထောက်ကူပစ္စည်းများ၊ အိပ်ဆောင်၊ စားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် နန်းသဲ-တောင်လား-တောင်ကွဲ-နန်းတိုင်းသွားလမ်း ၁၅ မိုင် ၅ ဖာလုံပေါ်တွင် ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ Box Culvert ငါးစင်းနှင့် အလျားပေ ၃၀ ကျောက်စီမြေထိန်းနံရံ ကျောက်စီရေမြောင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လည်းကောင်း၊ ရွှေမင်းဖုန်းကျေးရွာအုပ်စု ဟင်းခါးကုန်း-ဆင်တောင်-ခွေးရုပ်သွားလမ်း ၅ မိုင် လမ်းတာချဲ့ခြင်းနှင့် Box Culvert ကိုးစင်း တည်ဆောက်ပြီးစီးမှုလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လိုအပ်သည်များမှာကြားသည်။

အဆိုပါလမ်းပိုင်းအား ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ကလောမြို့နယ်အတွင်းရှိ ကျေးရွာ ၄၅ ရွာမှ ဒေသခံတိုင်းရင်းသားလူဦးရေ ၁၃၁၄၅ ဦးတို့အတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။ (၅၀၀)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန(စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

■ **ကျောဖုံးမှအဆက်**

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ဖူးခန့်ကျော်နှင့် ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၉၁ မိနစ်တွင် သန်းဇော်ဟိန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ထိပ်တန်းအသင်းကြီးနှစ်သင်းတွေ့ဆုံသည့်ပွဲစဉ်ဖြစ်သည်နှင့်အညီ အကြိတ်အနယ်ရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် ဘာကာယိုကိုက သွင်းယူပေးနိုင်ခဲ့သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(C)ပွဲစဉ်များအဖြစ် မေလ ၂၁ ရက် **(ယနေ့)**ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်း၊ ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ အုပ်စု(D)ပွဲစဉ်များအဖြစ် ညနေ ၄ နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် မြဝတီအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

**မိုးစပါးမှအဆက်**

မော်လိုက်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန် အသိပညာပေးခြင်းအပြင် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်မြို့နယ်၌ မိုးစပါးကို ယခုနှစ်ဇွန်လမှစတင်၍ ပျိုးထောင်စိုက်ပျိုးပြီး စက်တင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်ကာ မိုးစပါးစိုက်ပျိုးရာတွင် ဧရာမင်း ဧက ၄၄၃၀၊ ဆင်းဧကရီ(၃) ဧက ၆၃၅၀၊ မော်ဘီ(၂) ဧက ၁၂၇၀၊ ဆင်းသုခ ၃၀၈၂ ဧကနှင့် တခြားအထွက်ကောင်းမျိုး ၄၃၆၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

TRANSPORTATION

# More than 100 vessels transport cargo from Mandalay to Yangon, Shwegu, Katha, Bhamo

"A total of 111 cargo vessels were used in transport of cargo from Mandalay to Yangon, Shwegu, Katha and Bhamo in April," said Daw Tin Tin Tun, Deputy Staff Officer of Mandalay Region Marine Administration Department.

These vessels transported maize, sugar, cement, coal, salt and lime to Yangon, Shwegu, Katha and Bhamo in April.

"Ayeyawady River water will rise soon. If so, transport of vessels will be convenient from Mandalay to other regions. The most transport cargo items from Mandalay to other regions were molasses and sugar," she explained.

During the period, these vessels carried 20,000 tons of salt, 175 tons of rice, 3,150 suds of gravels, 6,679.919 tons of molasses, 6,609.55 tons of sugar, 30 tons of industrial materials and 219.09 tons of iron pieces.

"Vessels need to take care of driving along the water course in Ayeyawady at a time when water level of the river is declining. So, they need to carefully drive to avoid traffic accidents and transport cargo in line with the prescribed disciplines," she added.

Vessels need to be driven along Ayeyawady River with checking navigation signs in the water and on the banks of river for ensuring safety of cargo and passengers. **SMK**



BUSINESS

# Russia offers Myanmar to purchase macadamia products



The Ministry of Agriculture, Livestock and Irrigation recently stated that Russia prepares to purchase macadamia products of Myanmar.

Macadamia is called chocolate fruit. It is grown in Nawnghkio Township of northern Shan State starting from 2003. Now, the plants are placed on more than 1,000 acres of land.

Then, macadamia is planted on Mandalay Region, Chin and Shan States. In 2020-2021 financial year, more than 9,000 acres of lands were placed under macadamia.

Myanmar exports macadamia to China and Thailand as main trade partners. In early 2024, Russia wishes to purchase macadamia products from Myanmar.

Myanmar is sending raw macadamia to China and Thailand but it will export finished priducts of macadamia to Russia if it has been agreed. Myanmar plans to ship macadamia products to Russia through maritime trade route.

The Agriculture Department provides macadamia peeling machines to local farmers who grow macadamia plantations under the Mekong-Lancang cooperation.

Moreover, a macadamia plant has built in Nawnghkio Township of Shan State for development of macadamia industry. The plant is installed with peelers and crushers. **SK**

RURAL DEVELOPMENT

# Two-phase loan project dispenses over Ks-3.9 billion for agriculture and rural development in 2023-2024 FY

More than Ks-3.9 billion have been lent to 59 farmers from 30 townships in ten regions and states from the two-phase loan project for agriculture and rural development in the 2023-2024 FY, according to the Ministry of Planning and Finance.

The two-phase loan project for agriculture and rural development implemented by the Myanmar Agricultural Development Bank under the Ministry of Planning and Finance was started in July 2017 and provided loans of up to Ks-70 million for each farmer with a low interest rate.

Loans are being provided through a three-year short term installment repayment system and five-year long-term installment repayment system.

The Myanmar Agricultural Development Bank provided loans of up to Ks-239.261742 billion to 5,716 farmers from 187 townships in 14 regions and states including Nay Pyi Taw Council from July 2017 to March 18, 2024.

The loan program which can operate properly will increase the income of farmers and contribute to the development of the agricultural sector. **SK**

AGRICULTURE

# Farmers in Shwebo District harvest 14,919 acres of winter mung beans

A total of 14,919 acres of mung beans planted during the winter crop planting season in Shwebo District have been harvested, according to the Department of Agriculture for Shwebo District.

During the 2023-2024 winter planting season, the mung bean fields planted in Shwebo District have been harvested since February this year. So far, 14,919 acres have been harvested and 19.21 baskets per acre of mung bean have been produced.

"As for mung bean cultivation, we can grow more than the target. During the mung bean cultivation, the necessary technologies, types, and methods of preventing the disease were also carried out on the ground," said Daw Zar Zar Min, Deputy Director of the Department of Agriculture for Shwebo District.

The completion of mung bean harvesting by townships in Shwebo District are as per following: 3,266 acres in Shwebo Township, 7,628 acres in KhinU Township, 2,774 acres in Wetlet Township, and 1,291 acres in Kyaukmyaung Sub-Township, totaling 14,919 acres. **SMK**

AGRICULTURE

# More than 1,000 acres of onion, garlic harvested in Mawlaik District

According to the statistics of Mawlaik District Agriculture Department, a total of 1,190 acres of onion and garlic crops have been harvested in Mawlaik District of Sagaing Region.

Local farmers started harvesting of crops cultivated in winter of 2023-2024 financial year, in February this year, and so far they have harvested 1,190 acres of onion and garlic crops.

"The whole district placed 1,190 acres of croplands under onion and garlic. So far farmers have harvested them. Our department created linkage of grasping market share of these crops for local farmers," said Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department.

In Mawlaik Township, a total of 22 acres of onion were harvested with 4,200 viss per acre yield where 85 acres of garlic were harvested with 2,250 viss per acre yield. At the same time, Phaungpyin Township managed harvesting of 433 acres of onion with 4,300 viss per acre and 452 acres of garlic with 2,720 viss per acre.

In winter of 2023-2024 financial year, Mawlaik District earmarked cultivation of 653 acres of onion and 552 acres of garlic. Starting from October 2023, local farmers cultivated 653 acres of onion and 537 acres of garlic against the target.

Officials of relevant township Agriculture Departments help local farmers with creation of market linkages to fetch good prices for crops and provide agricultural techniques how to use good agricultural practices to produce quality onion and garlic to local farmers.

In cultivation measures, farmers cost Ks-1.8 million per acre of onion and Ks-1.5 million per garlic.

**SMK**

COMMERCE

# Myanmar exports over 200,000 tons of pulse in April



Myanmar generated earnings of US$-217.5 million from over 254,000 tons of pulses as of 3 May in the current financial year 2024-2025, beginning 1 April, the Ministry of Commerce's statistics showed.

Myanmar's seaborne trade recorded over 247,700 tons of pulses exports worth US$-211.75 million, whereas over 6,340 tons of pulses worth US$-5.77 million were sent to the neighbouring countries between 1 April and 3 May this FY.

The value of Myanmar's pulses exports hit over US$-1.484 billion from over 1.76 million tons in the previous FY 2023-2024 (April-March), the Ministry of Commerce's statistics indicated.

Myanmar mainly exports black grams, green grams and pigeon peas to foreign markets. Of them, black grams and pigeon peas are primarily shipped to India, while green grams are exported to China and Europe.

India has growing demand and consumption requirements for black grams and pigeon peas. According to a Memorandum of Understanding between Myanmar and India signed on 18 June 2021, India will import 250,000 tons of black grams and 100,000 tons of pigeon peas (tur) from Myanmar for five consecutive years from 2021-2022 financial year to 2025-2026 FY. This G-to-G pact will not affect the pulses' annual quota set by India. Myanmar's exporters are also entitled to deliver the pulses to India under that yearly quota.

Myanmar's black gram output is estimated at 400,000 tons per year, whereas pigeon pea production crosses 50,000 tons.

The Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association stated that black grams, which India primarily purchases, are commonly found only in Myanmar, whereas pigeon peas, green gram and chickpeas are grown in African countries and Australia.

**SK**

NAVIGATION

# Authorities release waterway warnings for safe navigation on Ayeyawady River



The warning for the safe navigation of waterways during the high tide period of the Ayeyawady River has been issued, according to U Ye Tun Lin Aung, Assistant Director of Navigation Department of Region-5, the Directorate of Water Resources and Improvement of River Systems for Mandalay Region.

The necessary water guide signs are displayed, and sometimes the signs put up due to the weather can be damaged and lost, so it is necessary for vessels to drive with care.

"In the rainy season, with the rise of the river, the shoals and islands that were there during the low water period will be flooded, and the cut-off waterways will be created. In addition, during the high water period, there will be strong water currents and whirlpools along the waterways and waterways under the bridges. It is necessary not to steer using the cut-off waterways where the water depth is insufficient," he continued.

**SK**

AGRICULTURE

# Winter green bean yield hits 5,820 acres in Sagaing District

A total of 5,820 acres of green beans planted during the winter crop planting season in Sagaing District have been harvested, according to the Department of Agriculture for Sagaing District.

The harvest of the green bean fields planted in Sagaing District during the 2023-2024 winter crop planting season has been harvested since February this year. So far, 5,820 acres have been harvested and 17.67 baskets per acre of green beans have been produced.

"There are education programs to expand green bean cultivation and to use good varieties to improve yields," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The completion of green bean harvesting by township in Sagaing District is as per following: 2,209 acres in Sagaing Township, 1,288 acres in Myinmu Township, and 2,323 acres in Myaung Township, totaling 5,820 acres.

In the 2023-2024 winter crop planting season, 5,982 acres of green beans were earmarked for planting in Sagaing District, and 5,820 acres were planted from October to December 2023.

**SMK**

IRAN

# Iranian president killed in helicopter crash: What we know so far

The Iranian Government has confirmed that President Ebrahim Raisi and several other high-ranking officials were killed when their helicopter crashed in the northwest of the country on Sunday.

**What happened**

Reports began circulating on Sunday afternoon that Raisi's US-made Bell 212 helicopter had made a "crash landing" in dense fog in a mountainous area near the city of Jolfa in the Iranian province of East Azerbaijan. The president was returning to Tehran from the border region after inaugurating a dam on the Aras River with Azerbaijani President Ilham Aliyev. Two other helicopters in Raisi's convoy successfully made it to their destination.

**The rescue effort**

Low visibility, rain and the impassibility of the area seriously complicated the search operation. Some 40 rescue teams were deployed to look for the helicopter. The wreckage was discovered only on Monday morning with the help of Turkish surveillance drones. The Iranian Red Crescent Society said the aircraft was severely damaged and charred, and that there were no signs of survivors.

Shortly after that, state-run Iranian media outlets reported that Raisi, 63, and the other passengers had been killed. The president's death was later confirmed by the government in Tehran. Iranian Supreme Leader Ayatollah Ali Khamenei has declared five days of mourning in the country for the victims of the crash.

**Who was on board the helicopter**

Besides Raisi, the crashed helicopter was also carrying



Rescuers recovering bodies at the site of President Ebrahim Raisi's helicopter crash.

Iranian Foreign Minister Hossein Amir-Abdollahian, East Azerbaijan Governor Malek Rahmati, East Azerbaijan Imam Mohammad Ali Ale-Hashem, and the head of presidential guard Mehdi Mousavi.

**What next for Iran**

The Iranian government has said it will keep operating "without the slightest disruption"following the death of President Raisi. "The path of service will continue with the tireless spirit of Ayatollah Raisi," it said in a statement. Iranian Supreme Leader Ayatollah Ali Khamenei has announced the appointment of First Vice President Mohammad Mokhber as acting president. Mokhber will be in the post for 50 days until an election is held.

**How the world reacted**

Russian President Vladimir Putin expressed his "deepest condolences" to Iran following Raisi's death. He described the late Iranian president as "an outstanding politician" and "true friend" of Russia, who did a lot to strengthen ties between Moscow and Tehran to the level of strategic partnership.

Chinese President Xi Jinping on Monday sent a message of condolence to Iran's First Vice President Mohammad Mokhber following the unfortunate death of Iranian President Ebrahim Raisi in a helicopter accident.

Indian Prime Minister Narendra Modi, Turkish President Recep Tayyip Erdogan, his Syrian counterpart Bashar Assad, and the leaders of Venezuela, Jordan and Egypt were among the first to convey their condolences to Tehran. Azerbaijani President Ilham Aliyev said he and his government were "deeply shocked" by what had happened to Raisi and others on board the helicopter. **RT**

CHINA

# China launches rocket carrier to put 4 satellites into space



A Long March-2D carrier rocket carrying four satellites blasts off from the Taiyuan Satellite Launch Center in north China's Shanxi Province, May 20, 2024.

China launched on Monday a Long March-2D carrier rocket that will put four satellites into preset orbit, Chinese news agency Xinhua reported.

The start was given at 11:06 a.m. Beijing time (03:06 GMT) from the Taiyuan Satellite Launch Center, located in the country's northern Shanxi Province.

The dispatched satellite constellation was code-named Beijing-3C, making it the 523rd flight mission in the Long March rocket series, the news agency reported.

**Sputnik**

INDIA

# 17 killed, 8 injured as pickup vehicle falls into gorge in India's Chhattisgarh

At least 17 people were killed and eight others injured Monday after a pickup vehicle carrying them skidded off the road and fell into a gorge in the central Indian state of Chhattisgarh, police said.

The accident occurred near Bahpani Village in Kabirdham District, about 173 km northwest of Raipur, the capital city of Chhattisgarh.

Officials said the pickup truck was carrying 25 workers returning home after plucking tendu leaves from a forest area.

Police have registered a case and ordered an investigation into the accident.

Local media reported that the workers belonged to Baiga tribal community, who were involved in the bidi-making business, for which they collect tendu leaves.

Bidis are small hand-rolled cigarettes made of tobacco and wrapped in tendu leaf.

Deadly road accidents in India are often caused by overloading, poor road conditions and reckless driving. Around 150,000 people are killed every year in about half a million road accidents across India, officials said. **Xinhua**

INDONESIA

# Indonesia's Mount Ibu erupts again, sending 5 km of volcanic ash

Ibu volcano in Indonesia's Halmahera Island erupted again on Monday, sending volcanic ash as high as 5,000 meters to its peak, the Center for Volcanology and Geological Hazard Mitigation said on Monday.

The eruption occurred at 11:36 a.m. local time for more than two minutes, and the thick ash column leaned towards the southwest and west, said Ibu Volcano Observation Post Officer Ridwan Djalil.

The center raised its hazardous status from level three to four, the highest, on May 16, following a significant increase in the mountain's recent activity.

Local people are asked to avoid the danger zone within a 4 km radius and 7 km in the northern sector of the crater.

**Xinhua**

UNITET STATES

# Gold price hits new all-time high, reaching US$-2,454 per troy ounce

The price on gold is growing by 1.5 percent on Monday, reaching US$-2,454 per troy ounce for the first time in history, the trading data showed.

As of 06:02 GMT, the price of the June gold futures on the New York Comex exchange increased by US$-35.2 to US$-2,452.6 per troy ounce. Earlier it hit the record US$-2,454.1 per troy ounce.

Gold prices historically grow on the eve of recession since investors consider the metal a safe haven for their money. The US Federal Reserve decreases interest rates and gold becomes the only chance to generate profits. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Are you getting enough IRON? Hidden signs you need a bit more spinach and steak

- **Iron deficiency affects eight in 10 people globally according to the WHO**
- **As well as red meat, dried herbs and spices are highly concentrated in iron**



Iron is vital for transporting oxygen around the body and keeps the immune system healthy, as well as reducing the risk of heart and lung conditions.

Heart palpitations, brain fog and brittle nails aren't necessarily symptoms you would associate with iron deficiency.

But they're among the common signs you're missing this essential nutrient a condition affecting up to eight in 10 people worldwide, according to the World Health Organization.

Iron is vital for transporting oxygen around the body and keeps the immune system healthy, as well as reducing the risk of heart and lung conditions.

'Without sufficient iron, our cells, tissues, and organs cannot function optimally as the body can't make enough healthy red blood cells,' registered clinical dietician Adam Enaz says.

And too little can trigger anaemia, a potentially fatal condition if not treated.

So how much iron do you really need? How can you check your iron levels? And what are the risks of a deficiency? Here MailOnline explains everything you need to know.

**How much iron do you need?**

The recommended daily intake of iron does depend on age, gender, and a range of other factors such as pregnancy.

Research has however shown worryingly low iron levels among certain Brits.

'The National Diet and Nutrition Survey (NDNS), which assesses the diet, nutrient intake and nutritional status of the general population of the UK, has shown that 25 per cent of women and 49 per cent of teenage girls have low intakes of iron, which puts them at higher risk of deficiency,' Rob Hobson, registered nutritionist and Healthspan advisor says.

According to the NHS, men aged 19 to 50 should consume 8.7 milligrams (mg) of iron per day and women in the same age bracket, 14.8mg.

'After the age of 50, the recommended daily allowance for women drops to 8.7 mg per day, aligning with the recommendation for men, as it is assumed that menopause has typically occurred by this age, eliminating the iron loss due to menstruation.'

Boys aged between 11 and 18, should instead aim for 11.3mg and girls in the same age group, 14.8mg.

The signs you need more iron

While a blood test will indicate whether you're low in iron, a range of other tell-tale symptoms may indicate you're deficient in iron.

**Picking up more illnesses such as coughs and colds**

Iron plays a role in the development and efficiency of the immune system and those with low iron status are more susceptible to infections than people with normal levels.

'Having adequate iron in your diet helps to ensure the proliferation and maturation of immune cells such as lymphocytes which are needed to help fight infections,' says Hobson.

'A study involving over 1,400 people found iron deficiency was an independent predictor of respiratory tract infections like the common cold,' he adds.

**Pale skin and pale under-eyes**

Low levels of haemoglobin can cause the skin to look pale and lower eyelids to appear whiter.

'Levels of iron may decrease haemoglobin production leading to less oxygen reaching your skin and mucous membranes. This can cause a paler appearance in these areas,' explains Enaz.

**Breathlessness**

It's natural to feel out of breath when you're undergoing intense activity, such as running, brisk walking or even climbing up stairs.

But when you're feeling unusually breathless, or breathless during mundane activities, then it could be a problem.

'A deficiency in iron makes it challenging for your body to create blood cells that carry oxygen,' Enaz says.

Iron is also a vital component of myoglobin, a protein found in muscle cells, which allows muscles to contract.

'This mechanism is essential for both muscle contraction and sustained muscular endurance.'

**Brittle nails**

Nails that break easily or seem thinner than usual, could be an indication of a low iron status.

Pale nails can also be a sign of low iron as less oxygen is able to reach cells, including cells in nails.

**Restless legs syndrome (RLS)**

Can't keep your legs still? Not only can it be disruptive during the day, but it could also keep you awake at night.

Enaz explains: 'Restless legs syndrome (RLS) is a condition where there is an urge to move the legs along with uncomfortable sensations.'

When suffering from an iron deficiency, levels of the brain chemical dopamine can drop which can cause RLS symptoms. Dopamine is made from the amino acid l-tyrosine, which is found in a lot of meats and also in egg whites,' adds Enaz.

**Elevated heart rate or heart palpitations**

Feeling aware of your own heart rate? You might even notice your heart rate is irregular or quicker than usual. This may have something to do with your iron status.

Enaz says: 'Insufficient iron levels can reduce the oxygen-carrying ability of blood leading to the heart needing to work harder to circulate oxygen throughout the body.'

**Brain fog**

Iron is needed for healthy brain function and low iron is associated with brain fog and poor cognition, according to Hobson.

'This includes ensuring sufficient oxygen meets the brain's high energy demands. Iron is also involved in the production of myelin, the protective sheath around neurons, which is crucial for the nervous system to function properly influencing the speed and efficiency of messaging between neurons,' explains Hobson.

**The dangers of deficiency**

A lack of iron could lead to a number of problems.

'Iron deficiency can lead to a condition known as anaemia, where the body lacks enough healthy red blood cells to carry adequate oxygen to tissues,' explains Enaz.

'Long-term consequences may include developmental delays in children, increased susceptibility to infections, and complications during pregnancy. Iron deficiency has also been linked to an increased risk of chronic conditions such as heart disease and neurodegenerative disorders later in life,' he adds.

**Mail Online**

# အမေရိကန်နဲ့အိန္ဒိယတို့ကြားမှာ မှန်တမ်းဆက်ဆံရေးဖြစ်သွားပြီလား

ထက်မြတ်



တစ်ခါတလေကျတော့ စဉ်းစားကြည့်မိတယ်ခင်ဗျ။ အမေရိကန်ဆိုတာ အင်အားကြီးနိုင်ငံတော့မှန်ပါရဲ့။ အဲဒီလိုမျိုးအင်အားကြီးနိုင်ငံဖြစ်တာနဲ့ပဲ ကျန်တဲ့နိုင်ငံတွေက သူကြိုးဆွဲရာကရတော့မယ်လို့များ ထင်နေလားမသိဘူးခင်ဗျ။

ဒီနိုင်ငံနဲ့ ဟိုနိုင်ငံကြား ဆက်ဆံရေးပြေလည်ရင် သူမကြိုက်ချင်ဘူး။ သူ့စကားနားမထောင်တော့ရင် သူမကြိုက်ချင်ဘူး။ သူတို့လိုချင်တဲ့နိုင်ငံတစ်နိုင်ငံရဲ့အစိုးရအဖွဲ့ကိုလည်း သူတို့စကားနာခံမယ့်သူမျိုးကိုပဲရွေးကောက်စေချင်တာမျိုးခင်ဗျ။

တကယ်တော့ ဒါဟာ အင်အားကြီးတာကိုအကြောင်းပြပြီး ဆက်ကြေးကောက်နေတဲ့ လမ်းထဲကလူမိုက်နဲ့ထူးမခြားနားတဲ့လုပ်ရပ်လို့တော့ ကျွန်တော်ကမြင်တယ်ခင်ဗျ။

တချို့နိုင်ငံတွေကတော့ သူ့ရဲ့ဩဇာအာဏာအောက်မှာနေချင်ကြမှာပေါ့။ သူကမက်လုံးတွေနဲ့မြှူဆွယ်တာကိုး။ ဒါပေမဲ့ တချို့နိုင်ငံတွေကျတော့ အရင်တုန်းက သူနဲ့အရောတဝင်နေခဲ့ပေမယ့် အခုအချိန်မှာ မှန်တမ်းပဲဆက်ဆံတော့တဲ့အခြေအနေတွေကိုလည်း တွေ့နေရတယ်ခင်ဗျ။ ဥပမာအားဖြင့်ပြောရမယ်ဆိုရင် အိန္ဒိယနိုင်ငံပေါ့ခင်ဗျ။

အိန္ဒိယနိုင်ငံဟာ အရင်တုန်းက အမေရိကန်နဲ့ တော်တော်လေးနီးကပ်တဲ့ဆက်ဆံရေးရှိတယ်ခင်ဗျ။ ဒါပေမဲ့ အခုနောက်ပိုင်းမှာတော့ အရင်လိုမဟုတ်တော့ဘူးခင်ဗျ။

ဆက်ဆံရေးအခြေအနေက သာမန်သံခင်းတမန်ခင်းဆက်ဆံရေးလောက်ပဲရှိတော့တဲ့အနေအထားမျိုးခင်ဗျ။ ဒါဟာ အမေရိကန်ဘက်ကနေ သာမန်ထက်လွန်ကဲတဲ့ ကြားဝင်စွက်ဖက်မှုတွေကြောင့်လို့ပဲထင်တယ်ခင်ဗျ။

သိပ်မကြာသေးခင်က အိန္ဒိယက ချာဘာဒါဆိပ်ကမ်းနဲ့ပတ်သက်ပြီး အီရန်နိုင်ငံနဲ့ သဘောတူညီချက်ရလိုက်တယ်ခင်ဗျ။ အီရန်နဲ့အမေရိကန်ဆိုတာကလည်း မတည့်တဲ့အခါကျတော့ သိတဲ့အတိုင်းပဲ အမေရိကန်က အိန္ဒိယကိုပိတ်ဆို့မှုတွေလုပ်မယ်ဘာမယ်နဲ့ ခြိမ်းခြောက်တော့တာပါပဲ။

အမေရိကန်ရဲ့ခြိမ်းခြောက်မှုက ဘာကိုဖော်ပြနေလဲဆိုရင် ဒီလိုအင်အားကြီးနှစ်နိုင်ငံကြားမှာ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းကစပြီး တစ်ယောက်နဲ့တစ်ယောက်သဟဇာတမဖြစ်မှုတွေ မြင့်တက်လာတာကိုဖော်ပြနေတယ်လို့တော့ မြင်တယ်ခင်ဗျ။

ဒါတောင်မှ အမေရိကန်က တရုတ်ကိုဆန့်ကျင်ဖို့အတွက်ဆိုရင် အိန္ဒိယနိုင်ငံက အရေးကြီးတဲ့မဟာဗျူဟာမြောက်နိုင်ငံလို့ သတ်မှတ်ထားတာခင်ဗျ။ ဒီလိုနိုင်ငံအပေါ်မှာတောင် သူ့စိတ်အတိုင်းမဖြစ်ရင် ပိတ်ဆို့မယ်၊ အရေးယူမယ် တကဲကဲလုပ်တတ်တဲ့ အမေရိကန်ရဲ့အကျင့်ကတော့ တော်တော်ဆိုးဆိုးပါဗျာ။

အမေရိကန်အနေနဲ့ အိန္ဒိယအပေါ် ဘယ်လောက်အထိအလေးထားကြောင်း ဘယ်လိုမျိုးဖော်ပြခဲ့လဲဆိုရင် ၂၀၁၇ ခုနှစ်တုန်းက ကျွန်တော်တို့ဒေသတွင်းတစ်ခုလုံးကို အင်ဒို-ပစိဖိတ်ဒေသလို့ခေါ်ခဲ့တဲ့အထိပေါ့ဗျာ။

အဲဒီအချိန်တုန်းကတော့ တပျော်ပျော်တမော်မော်နဲ့ပေါ့။ အိန္ဒိယမှာ စီးပွားရေးအခွင့်အလမ်းတွေပွင့်လာတယ်။ ကုန်ထုတ်လုပ်မှုတွေတိုးတက်လာတယ်။ ဩစတြေးလျ၊ ဂျပန်တို့နဲ့အတူ လေးနိုင်ငံအဖွဲ့ဖြစ်တဲ့ QUAD အဖွဲ့ဝင်နိုင်ငံတောင်မှ ဖြစ်လာသေးတယ်ခင်ဗျ။

တစ်ချိန်တည်းမှာပဲ အိန္ဒိယကလည်း "ဟာ ဟုတ်ပြီ။ ငါတော့ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာတော့မယ်" ဆိုတဲ့အတွေးနဲ့ အမေရိကန်နဲ့လေပေးဖြောင့်နေတာပေါ့ခင်ဗျာ။

စကားပုံတောင်ရှိသေးတယ်မလား "ကိုယ့်ရန်သူရဲ့ရန်သူဟာ ကိုယ့်မိတ်ဆွေပဲ" ဆိုတာလေ။ အမေရိကန်က တရုတ်ကိုထိန်းချုပ်ချင်တယ်။ တရုတ်နဲ့အိန္ဒိယတို့ကလည်း နယ်စပ်ကိစ္စပြဿနာဖြစ်ပြီးသိပ်မတည့်ချင်ဘူး။ အဲဒီတော့ အမေရိကန်ရဲ့ရန်သူဖြစ်တဲ့ တရုတ်ရဲ့ရန်သူအိန္ဒိယဟာအမေရိကန်ရဲ့မိတ်ဆွေဖြစ်လာတာမဆန်းဘူးပေါ့ခင်ဗျာ။

ဒါပေမဲ့ ဒါတွေဟာ သိပ်တော့လည်းကြာကြာမခံလိုက်ပါဘူး။ အမေရိကန်အနေနဲ့ အိန္ဒိယအပေါ်မြင်နေတဲ့ အကောင်းမြင်မှုတွေအားလုံးက နေရောင်အောက်ကနှင်းစက်လိုပဲ တစ်ခဏလေးအတွင်းမှာပျောက်ကွယ်သွားတယ်ပေါ့ဗျာ။ သူတို့ကြားမှာ အရင်လိုပဲဆက်လက်ကျန်ရှိတာကတော့ စီးပွားရေးအရဆက်ဆံရေးပဲခင်ဗျ။

အိန္ဒိယကတော့ အမေရိကန်ရဲ့ရည်မှန်းချက်တွေကနေ ခပ်တန်းတန်းနဲ့ရှောင်ဖယ်သွားတဲ့အနေအထားခင်ဗျ။ တစ်ချိန်တည်းမှာပဲ အမေရိကန်ကလည်း တရုတ်ကိုထိန်းချုပ်ဖို့အတွက် နောက်တစ်ယောက်ကိုရွေးလိုက်တယ်ပေါ့ခင်ဗျာ။ အဲဒီတစ်ယောက်ကတော့ ဖိလစ်ပိုင်ပါ။

အိန္ဒိယထက်စာရင် ဖိလစ်ပိုင်နိုင်ငံက အမေရိကန်နိုင်ငံနဲ့ပူးပေါင်းပြီး တရုတ်ဆန့်ကျင်ရေးကို ပိုမိုလုပ်ဆောင်နိုင်လိမ့်မယ်လို့ အမေရိကန်က ယုံကြည်လာတယ်ခင်ဗျ။ ဒါကြောင့်လည်း အခုဆိုရင် အမေရိကန်က ဖိလစ်ပိုင်နဲ့ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ ပိုမိုပြုလုပ်လာတာပေါ့ခင်ဗျ။

ဒါကြောင့် အိန္ဒိယနဲ့အမေရိကန်တို့ဟာ နီးကပ်တဲ့ဆက်ဆံရေးရှိနေရာကနေ ခပ်တန်းတန်းဆက်ဆံရေးအထိဖြစ်သွားရလောက်အောင်ကို သူတို့နှစ်နိုင်ငံကြားကဆက်ဆံရေးက ပြောင်းလဲသွားတာပေါ့ခင်ဗျ။ ဘာကြောင့်အခုလိုမျိုးဖြစ်လာရတာလဲဆိုရင် အဲဒီမေးခွန်းအတွက်လည်း အဖြေရှိတယ်ခင်ဗျ။

ပထမတစ်ခုက အိန္ဒိယနိုင်ငံဟာ လွတ်လပ်ပြီး တင်းကျပ်တဲ့ကိုယ့်အကျိုးကြည့်နိုင်ငံခြားရေးမူဝါဒရှိတယ်ခင်ဗျ။ ဒီအတွက်ကြောင့်လည်း အိန္ဒိယက အမေရိကန်ရဲ့အကူအညီရယူပြီ ကိုယ့်နိုင်ငံကို တိုးတက်အောင်လုပ်ဆောင်ခဲ့တာခင်ဗျ။

ဒါကိုတော့ မဟာမိတ်ဆိုပြီး ခေါ်လို့မရဘူးပေါ့ခင်ဗျ။ တစ်ဦးနဲ့တစ်ဦးကိုယ့်အကျိုးစီးပွားအတွက်သာ အဓိကထားပြီး ချဉ်းကပ်ကြတဲ့သူတွေဆိုတော့လည်းလေ။

အမေရိကန်ဆိုတာက သူ့ရဲ့နိုင်ငံခြားရေးရည်မှန်းချက်တွေ မဖြစ်မနေအကောင်အထည်ပေါ်လာအောင် နိုင်ငံတော်တော်များများကို ထိန်းချုပ်နိုင်စွမ်းရှိတယ်ခင်ဗျ။ ဥပမာ အနောက်နိုင်ငံတော်တော်များများပေါ့။ ဒီနေရာမှာ အိန္ဒိယနိုင်ငံကတော့ အမေရိကန်လိုသလိုထိန်းချုပ်လို့ရတဲ့နိုင်ငံဖြစ်မနေဘူးခင်ဗျ။

အိန္ဒိယနိုင်ငံက ဒီမိုကရေစီဆန်ပြီး လွတ်လပ်မှုရှိတယ်ဆိုတဲ့အကြောင်းပြချက်ကြီးနဲ့ဝင်ပြီးချဉ်းကပ်တာကတော့ အမေရိကန်အတွက် အဓိပ္ပာယ်နည်းနည်းမဲ့တာပေါ့လေ။ အိန္ဒိယခေါင်းဆောင်ပိုင်းတွေကလည်း ဒီအထာကို ကောင်းကောင်းကြီးနောကျေအောင်သိထားတယ်ခင်ဗျ။

ဒါကြောင့်လည်း အမေရိကန်ရဲ့ဇာဝင်ရိုးဖော်ဆောင်မှုနောက်ကို အိန္ဒိယက မလိုက်ခဲ့တာပေါ့။ အဲဒီအစား ဗဟုဝင်ရိုးကမ္ဘာကြီးမှာ ကိုယ့်ကိုယ်ကိုယ်အင်အားရှိအောင်တည်ဆောက်မယ်ဆိုတဲ့အတွေးနဲ့ အိန္ဒိယက အမေရိကန်နောက်ကို မလိုက်ခဲ့တာပေါ့ခင်ဗျာ။

ပြီးခဲ့တဲ့နှစ်နှစ်အတွင်း နိုင်ငံတကာပတ်ဝန်းကျင် အခြေအနေအရပ်ရပ်မှာ ရှောင်လွှဲလို့မရတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်လိုက်ရတဲ့အခါမှာတော့ အမေရိကန်နဲ့ အိန္ဒိယတို့ရဲ့ဆက်ဆံရေးက ပိုပြီးတော့တောင် ခပ်တန်းတန်းဖြစ်လာတာခင်ဗျ။

အိန္ဒိယက တရုတ်နဲ့ အင်အားချင်းချိန်ခွင်လျှာညီဖို့တွေးထားတယ်ခင်ဗျ။ ဘာဖြစ်လို့လဲဆိုရင် ထောက်ပံ့ရေးကွင်းဆက်နဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာဦးတည်ချက်ပြောင်းလဲလိုက်ခြင်းက သူ့အတွက်အကျိုးရှိစေမယ်လို့ တွေးထားတာခင်ဗျ။

ဒါပေမဲ့ အမေရိကန်ရဲ့နိုင်ငံခြားရေးမူဝါဒကကျတော့ သူတစ်ယောက်တည်းကောင်းစားရေးအတွက် ဗဟုဝင်ရိုးကမ္ဘာကြီးဖြစ်တည်မှုအခြေအနေကို ဖျက်ဆီးမယ့်အရေးဖြစ်နေတယ်ခင်ဗျ။ ဒီလိုသာဖြစ်ရင် အိန္ဒိယကလည်း ဒုံရင်းက ဒုံရင်းပဲပြန်ဖြစ်သွားမှာပေါ့။

ဒါကြောင့်လည်း ရပ်တည်ချက်၊ ရည်မှန်းချက်မတူတဲ့ အမေရိကန်နဲ့အိန္ဒိယတို့ရဲ့ဆက်ဆံရေးက သာမန်ဆက်ဆံရေးမျှသာဖြစ်သွားတာမဆန်းပါဘူးခင်ဗျ။

ရုရှား-ယူကရိန်းပဋိပက္ခဖြစ်တော့လည်း အမေရိကန်က ကျန်အင်အားကြီးနိုင်ငံတွေအနေနဲ့ ရုရှားအပေါ်ပိတ်ဆို့မှုတွေချမှတ်ဖို့သူတို့ချမှတ်ထားတဲ့ပိတ်ဆို့မှုတွေကို လိုက်နာဖို့တိုက်တွန်းသလို၊ အမိန့်ပေးသလိုပြောခဲ့သေးတယ်ခင်ဗျ။

အမေရိကန်ရဲ့စကားကိုတော့ သူ့ရဲ့လက်ဝေခံအနောက်နိုင်ငံတော်တော်များများလွဲရင် တခြားဘယ်နိုင်ငံကမှ အရေးလုပ်မနေပါဘူးခင်ဗျ။ ပုံမှန်အတိုင်း ရုရှားနဲ့ဆက်ဆံမြဲဆက်ဆံခဲ့ကြသူချည်းပါပဲ။

အိန္ဒိယနဲ့ တရုတ်တို့ကြားဆက်ဆံရေးထက်စာရင် အိန္ဒိယနဲ့ပါကစ္စတန်ကြားကဆက်ဆံရေးက ပိုပြီးအကဲဆတ်တာခင်ဗျ။ အခြေအနေနှစ်ခုစလုံးကတော့ နယ်စပ်အရေးမှန်ပေမယ့် ပါကစ္စတန်နဲ့ကျတော့ဘာသာရေးပါဆက်နွှယ်နေတဲ့ သဘောရှိတယ်ခင်ဗျ။

ပါကစ္စတန်မှာ အမေရိကန်ကိုမလိုလားတဲ့ဝန်ကြီးချုပ်ဟောင်း အီမရမ်ခန်းကိုထောင်ချလိုက်ပြီးနောက် အမေရိကန်နဲ့ပါကစ္စတန်တို့ကြားကဆက်ဆံရေးပြန်လည်တိုးတက်လာတယ်ခင်ဗျ။ ဒါဟာ တော်ရုံတိုက်ဆိုင်မှုတော့ ဟုတ်မယ်မထင်ပါဘူး။

နောက်ထပ်ပြဿနာတစ်ခုက အစ္စရေး-ဂါဇာအရေးအခင်းခင်ဗျ။ အစ္စရေးရဲ့လုပ်ရပ်တွေအပေါ် အိန္ဒိယကထောက်ခံလိုက်ရင် ဒေသတွင်းမှာသူ့အပေါ်ယုံကြည်အားကိုးမှုကျဆင်းသွားလိမ့်မယ်ဆိုတာကို အိန္ဒိယကသိနေတယ်ခင်ဗျ။

ဒီအခြေအနေမှာ အိန္ဒိယက ပေါ်ပေါ်တင်တင်ကူညီပေးခြင်းမရှိသလို အစ္စရေးဘက်ကကိုလည်း ထောက်ခံအားပေးတာမျိုးမလုပ်ခဲ့ဘူးခင်ဗျ။ ပြီးတော့ အီရန်နဲ့အိန္ဒိယဆက်ဆံရေးကလည်း အိန္ဒိယနဲ့အမေရိကန်ဆက်ဆံရေးထက် ပိုပြီးအဓိပ္ပာယ်ရှိတယ်ခင်ဗျ။

နောက်ဆုံးတစ်ခုကတော့ အပြောအဆိုမတတ်တဲ့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အိန္ဒိယကို "သူစိမ်းကြောက်နိုင်ငံ"ဆိုပြီးပြောလိုက်ခြင်းပဲဖြစ်တယ်ခင်ဗျ။

ဒါကြောင့် နိဂုံးချုပ်ရမယ်ဆိုရင် အိန္ဒိယကတော့ တချို့နေရာတွေမှာ အမေရိကန်ရဲ့မိတ်ဖက်အနေနဲ့ရှိနေနိုင်ဦးမှာဖြစ်ပေမယ့်လည်း အမေရိကန်လိုချင်တဲ့ ကြားခံနိုင်ငံတော့ ဘယ်သောအခါမှဖြစ်လာတော့မှာမဟုတ်ဘူးခင်ဗျ။

အမေရိကန်အနေနဲ့ ဒီအတိုင်းသာဆက်သွားနေမယ်ဆိုရင် သူ့အတွက်တကယ်ကောင်းမွန်တဲ့ မိတ်ဖက်ကောင်းတစ်ဦးကို လက်လွှတ်ဆုံးရှုံးရနိုင်ခြေရှိနေကြောင်းရေးသားတင်ပြလိုက်ရပါတယ်ခင်ဗျာ။

*Ref: RT*

တီဟီရန်၊ မတော်တဆမှု

# အီရန်သမ္မတ အီဘရာဟင်ရိုင်ဆီ ရဟတ်ယာဉ်ပျက်ကျမှုအတွင်းကွယ်လွန်





အီရန်သမ္မတ အီဘရာဟင်ရိုင်ဆီသည် မေလ ၁၉ ရက်တွင်ဖြစ်ပွားသော ရဟတ်ယာဉ်ပျက်ကျမှုအတွင်း ကွယ်လွန်သွားပြီဖြစ်ကြောင်း အီရန်အစိုးရအဖွဲ့က အတည်ပြုထုတ်ပြန်လိုက်သည်။

သမ္မတနှင့်အတူ အီရန်နိုင်ငံခြားရေးဝန်ကြီးအပါအဝင် အခြားအဆင့်မြင့်အရာရှိကြီးတချို့ လိုက်ပါသွားခြင်းဖြစ်ပြီး ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ၎င်းတို့အားလုံး ကွယ်လွန်သွားရပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်သမ္မတသည် အမေရိကန်နိုင်ငံထုတ် Bell-212 ရဟတ်ယာဉ်ကိုလိုက်ပါစီးနင်းပြီး အဇာဘိုင်ဂျန်နယ်စပ်အနီးရှိ ဆည်တစ်ခုဖွင့်ပွဲမှပြန်လာစဉ် မြူခိုးများပိတ်နေသည့် တောင်တန်းထူထပ်သောနေရာအရောက်တွင် ရဟတ်ယာဉ်ပျက်ကျသွားခြင်းဖြစ်သည်။

အီရန်သမ္မတ၏ ရဟတ်ယာဉ်နှင့်အတူ အခြားရဟတ်ယာဉ်နှစ်စင်းလည်း လိုက်ပါပျံသန်းခဲ့ရာ ထိုရဟတ်ယာဉ်များမှာ သတ်မှတ်နေရာအသီးသီးသို့ပြန်လာနိုင်ခဲ့သည်။

မတော်တဆမှုဖြစ်ပွားပြီးနောက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၄၀ ခန့်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ဆောင်သော်လည်း မြူများပိတ်မှု၊ မိုးရွာသွန်းမှု၊ ခရီးပေါက်ရန်အတားအဆီးများရှိမှုတို့ကြောင့် မေလ ၂၀ ရက် နံနက်ပိုင်းမှသာ တူကီယဲနိုင်ငံ၏ ကင်းထောက်ဒရုန်းများ၏ အကူအညီဖြင့် ရဟတ်ယာဉ်အပျက်အစီးများကိုရှာတွေ့ခြင်းဖြစ်သည်။

အပျက်အစီးများကို တွေ့ရှိချိန်တွင် ရဟတ်ယာဉ်သည် ဆိုးဆိုးဝါးဝါးပျက်စီးပြီး တစ်စစီဖြစ်နေကြောင်းနှင့် အသက်ရှင်ကျန်ရစ်သူရှိသည့်လက္ခဏာမတွေ့ရကြောင်း အီရန်လခြမ်းနီအဖွဲ့က ထုတ်ပြန်ထားသည်။

ပျက်ကျသည့် ရဟတ်ယာဉ်ပေါ်တွင် အီရန်သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ အရှေ့အဇာဘိုင်ဂျန်အုပ်ချုပ်ရေးမှူး၊ အရှေ့အဇာဘိုင်ဂျန်ဘာသာရေးခေါင်းဆောင်နှင့် သမ္မတ၏ ကိုယ်ရံတော်အဖွဲ့ခေါင်းဆောင်တို့လိုက်ပါသွားခြင်းဖြစ်သည်။

လက်ရှိအီရန်သမ္မတကွယ်လွန်သွားသည့်အတွက် အီရန်နိုင်ငံဦးသျှောင်အယာတိုလာအလီခါမေနီက ဒုတိယသမ္မတကို ခေတ္တသမ္မတအဖြစ်ခန့်အပ်ထားသည်။

ခေတ္တသမ္မတမိုဟာမတ်မော့ကဘာသည် နောက်ထပ်သမ္မတရွေးကောက်ပွဲမလုပ်မီ ရက်ပေါင်း ၅၀ အထိ နိုင်ငံကိုတာဝန်ယူရမည်ဖြစ်သည်။

အီရန်သမ္မတကွယ်လွန်မှုအပေါ် ရုရှား၊ အိန္ဒိယ၊ တူကီယဲ၊ ဆီးရီးယား၊ ဗင်နီဇွဲလား၊ ဂျော်ဒန်၊ အီဂျစ်၊ အဇာဘိုင်ဂျန်နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များက ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပထမဆုံးပေးပို့ထားသည်။

အီရန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့ကြား အပြန်အလှန်တိုက်ခိုက်မှုများဖြင့် တင်းမာမှုများမြင့်တက်နေစဉ် အီရန်သမ္မတလိုက်ပါစီးနင်းသော ရဟတ်ယာဉ်ပျက်ကျမှုသည် ၎င်းတို့နှင့် လားလားမျှမသက်ဆိုင်ကြောင်း အမည်မဖော်လိုသူ အစ္စရေးတာဝန်ရှိသူတစ်ဦးကပြောထားသည်။

*Ref: RT*

ဆိုး၊ စီးပွားရေး

# တောင်ကိုရီးယားက အသင့်စားခေါက်ဆွဲခြောက်များတင်ပို့မှုမှ ပထမဆုံးအဖြစ် ဒေါ်လာသန်း ၁၀၀ ကျော်ရရှိ




တောင်ကိုရီးယားနိုင်ငံက အသင့်စားခေါက်ဆွဲခြောက်များကို ပြည်ပသို့တင်ပို့မှုအတွက် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ရရှိထားကြောင်း တရားဝင်အချက်အလက်များကဖော်ပြထားသည်။

ဧပြီလအတွင်း ပြည်ပသို့ အသင့်စားခေါက်ဆွဲခြောက်များတင်ပို့မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၆ သန်းရှိကြောင်း ထိုပမာဏသည် ပြီးခဲ့သည့်နှစ်ကထက် ၄၆ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာကြောင်း တောင်ကိုရီးယားအကောက်ခွန်ဌာနက ထုတ်ပြန်ထားသည်။

အသင့်စားခေါက်ဆွဲခြောက်များ တင်ပို့မှုပမာဏသည် ၂၀၁၅ ခုနှစ်နောက်ပိုင်းပုံမှန်မြင့်တက်လာလျက်ရှိပြီး ယခုနှစ်တွင်လည်း ကိုရီးယားရုပ်ရှင်ကားများ၊ ကိုရီးယားဂီတများလွှမ်းမိုးမှုကြောင့် နောက်ထပ်စံချိန်အသစ်တစ်ခုကိုရရှိမည်ဟု တာဝန်ရှိသူများကမျှော်လင့်ထားသည်။

ထို့ပြင် ငွေကြေးဖောင်းပွမှုမြင့်တက်နေချိန်တွင် အသင့်စားခေါက်ဆွဲခြောက်များသည် ဈေးနှုန်းသင့်တင့်မှု၊ အသင့်စားသောက်နိုင်မှု အစရှိသည့်အားသာချက်များကြောင့်လည်း ရောင်းအားတက်မည်ဟုမျှော်လင့်ရသည်။

ပြီးခဲ့သည့်နှစ်တစ်နှစ်လုံးတွင် ပြည်ပသို့ အသင့်စားခေါက်ဆွဲခြောက်များ တင်ပို့မှုမှ ဒေါ်လာ ၉၅၂ သန်းအထိစံချိန်တင်ခဲ့သောကြောင့် ယခုနှစ်တွင် ထိုသို့တင်ပို့မှုမှ ဒေါ်လာ ၁ ဘီလီယံကျော်မည်ဟု အကောက်ခွန်ဌာနက ခန့်မှန်းထားကြောင်း သိရသည်။

*Ref: Yonhap*

ဗီယန်ကျင်း၊ ကျန်းမာရေး

# လာအိုနိုင်ငံ၌ ဆေးလိပ်သောက်မှုကြောင့် နှစ်စဉ်လူ ၆၇၀၀ ကျော်သေဆုံးနေရ

လာအိုနိုင်ငံ၌ ဆေးလိပ်သောက်မှုကြောင့် နှစ်စဉ်လူ ၆၇၀၀ ကျော်သေဆုံးနေရကြောင်း လာအိုကျန်းမာရေးဝန်ကြီးက မေလ ၂၀ ရက်တွင်ပြောသည်။

ဆေးလိပ်သောက်မှုကြောင့် လာအိုနိုင်ငံ၌ နေ့စဉ်သေဆုံးသူအရေအတွက် ၁၈ ဦးခန့်ရှိကြောင်း၊ တစ်နှစ်လုံးအတွက်ဆိုပါက လူ ၆၇၀၀ ကျော်သေဆုံးနေရကြောင်းနှင့် အဆိုပါသေဆုံးမှုပမာဏသည် နိုင်ငံအတွင်း သေဆုံးမှုစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီး၏ပြောဆိုမှုကို ကိုးကား၍ ကျန်းမာရေးဆိုင်ရာပညာပေးရေးနှင့်ပြန်ကြားရေးဌာနက ထုတ်ပြန်ထားခြင်းဖြစ်သည်။

ဆေးလိပ်ကြောင့်ရောဂါဖြစ်ပွားသူများထဲတွင် ကိုယ်တိုင်ဆေးလိပ်သောက်သူများသာမက တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူမိသူများလည်းပါဝင်သည်။

ဆေးလိပ်ကြောင့်သေဆုံးမှုသည် တားဆီးနိုင်သောအခြေအနေဖြစ်ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီး အခွန်တိုးမြှင့်ကောက်ခံခြင်း၊ ပုံစံမျိုးစုံဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးကြော်ငြာနေမှုများကိုတားမြစ်ခြင်း၊ ဆေးလိပ်ကင်းစင်လုပ်ငန်းခွင်နှင့်အများနှင့်သက်ဆိုင်သောနေရာများကိုဖန်တီးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအသုံးပြုမှု၏ ဆိုးကျိုးများကိုပြည်သူများသိရှိလာအောင် ပညာပေးခြင်းတို့လုပ်ဆောင်ခြင်းဖြင့် တားဆီးနိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ဟု သိရသည်။

*Ref: Xinhua*

မော်စကို၊ စီးပွားရေး

# ပထမသုံးလပတ်အတွင်း ရုရှားစီးပွားရေး ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်

ယခုနှစ်ပထမသုံးလပတ်အတွင်း ရုရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၅ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း စာရင်းအင်းဌာနကထုတ်ပြန်သည်။

နယ်ပယ်တစ်ခုချင်းစီအနေဖြင့်ကြည့်ပါက လက်လီရောင်းချမှုကဏ္ဍက ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍက ၈ ဒသမ ၈ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍက ၃ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။

ယခုကဲ့သို့တိုးတက်မှုသည် စီးပွားရေးဝန်ကြီးဌာန၏ ကြိုတင်ခန့်မှန်းချက်နှင့်ကိုက်ညီမှုရှိသော်လည်း ရုရှားဘဏ်၏ ခန့်မှန်းချက်ဖြစ်သော ၄ ဒသမ ၆ ရာခိုင်နှုန်းထက်ပိုများကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အနောက်အုပ်စုနိုင်ငံများက ရုရှားနိုင်ငံအပေါ် တင်းကျပ်သောပိတ်ဆို့မှုများစွာချမှတ်ထားသည့်ကြားမှ ရုရှားနိုင်ငံအနေဖြင့် ယခုကဲ့သို့ စီးပွားရေးတိုးတက်လာခြင်းဖြစ်သည်။

အဆိုပါ ပိတ်ဆို့မှုများကြောင့် ၂၀၂၂ ခုနှစ်တွင် စီးပွားရေးသည် ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ ၂၀၂၃ ခုနှစ်တွင်မူ စီးပွားရေးပြန်တက်လာပြီး ၃ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်း စာရင်းအင်းဌာနကထုတ်ပြန်သည်။

အလားတူ ၂၀၂၄ ခုနှစ်အတွင်း ရုရှားနိုင်ငံ၏စီးပွားရေးတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံများထက်



တိုးတက်မှုနှုန်းပိုမိုမြန်ဆန်မည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ဧပြီလတွင်ထုတ်ပြန်သည်။

*Ref: RT*

ရန်ကုန် မေ ၂၀

## အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ခခန်းမ၌ကျင်းပရာ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာရေးဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့်ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉) သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၆၅ ဦး၊ သင်တန်းသူ ၁၉၃ ဦး စုစုပေါင်း ၃၅၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယုယုခင်ကို ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နေပြည်တော် မေ ၂၀

## ၂၀၂၄ ခုနှစ် မေလ (တတိယ) ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၂၆ ရက်မှ ၃၁ ရက်အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ၁ ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာက မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၃ ပေမှ ၈ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၃ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

နေပြည်တော် မေ ၂၀

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရွာဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။





မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် **မေလ ၁၇ ရက်**တွင် အေးရွာဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၅)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့်ကွဲလွဲစွာပါရှိလာသည့် အိန္ဒိယနိုင်ငံထုတ်လျှပ်စစ်ပစ္စည်း PVC Coated Copper Wire (၅၃၇၆၂ ဒသမ ၀၈)ကီလိုဂရမ်နှင့် သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် HUA DU Plane Cutting Machine လုပ်ငန်းသုံးဖြတ်စက်(အကြီး) (၄)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၃၄၀၉၅၇)ကိုလည်းကောင်း၊ **မေလ ၁၈ ရက်**တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Crazy စက်ဘီး အစီး(၁၄၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၁၄၀၉၅၇)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အတွင်း၌ အခြားသစ်(၈ ဒသမ ၄၇၅)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၃၀၄၁)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၉ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ကျောက်မဲမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Safety Helmet ဦးထုပ် အလုံး (၉၅၀) အပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၀၁၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Jin Bei Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် တစ်ခါသုံးပလတ်စတစ်ဘူး (၅၅၅)ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၉၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၃၉၃၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၀၃၂၉၈)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

ပြည် မေ ၂၀

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ဇီးအုပ်ကျေးရွာအုပ်စုရှိ စိုက်ပျိုးပညာပေးစခန်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေး မဖြစ်မနေဆောင်ရွက်ရမည့် မျိုးကောင်း၊ မျိုးသန့်ပြောင်းလဲခြင်း၊ စိုက်နည်းစနစ်များပြောင်းလဲခြင်း၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်းအပြင် သွင်းအားစုများ အချိန်မီအသုံးပြုနိုင်ရေး ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တောင်သူများ၏အဓိကသီးနှံများ အထွက်နှုန်းတိုးတက်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများခြင်းနှင့်အတူ လူတစ်ဦးချင်း၏ဝင်ငွေများ တိုးတက်စေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့်အရှိန်အဟုန်မပြတ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို ဒေသခံတောင်သူများကလည်း မိရိုးဖလာစိုက်ပျိုးနည်းများမှ စက်မှုလယ်ယာစနစ်သို့ လိုက်ပါပြောင်းလဲရန်လိုအပ်ကြောင်းနှင့် စိုက်ပျိုးမြေအား မြေလပ်မရှိ အကျိုးရှိရှိ စိုက်ပျိုးသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ရာသီအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပဲစင်းငုံမျိုးသန့်မျိုးစေ့များ၊ ပိုက်ဆန်လျှော်မျိုးသန့်၊ မျိုးစေ့များ၊ သွင်းအားစုဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် တောင်သူလယ်သမားသင်တန်းကျောင်းရှိသင်တန်းသားအိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ထမင်းစားဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ရာသီ၌ ပဲစင်းငုံ ၃၁၀ ဧက သီးညှပ်စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇီးအုပ်ကျေးရွာအုပ်စု၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံမတ်ပဲအပြီး ဒုတိယသီးနှံ(နွေ)မတ်ပဲအထွက်နှုန်းကောင်း TBL-9 စမ်းသပ်စိုက်ပျိုးထားရှိမှုများကိုသွားရောက်ကြည့်ရှုခဲ့ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့် စိုက်ပျိုးနည်းစနစ်များကို ဒေသခံတောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ၎င်းနောက် နတ်တလင်းကျေးရွာအုပ်စုရှိ တောင်သူဦးအောင်ဆန်းဦး၏ YSR-1(Yezin Super Rice) စံပြမျိုးစေ့ထုတ်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်ကာ ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အတွက်လည်းအကျိုးရှိသဖြင့် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးသွားရန်တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း YSR-1(Yezin Super Rice) စံပြမျိုးစေ့ထုတ်စိုက်ခင်း ၁၀၂ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ ဦးတင်အောင်ဖြူ၏ ဝေဖြိုးစားသောက်ကုန်လုပ်ငန်းအားသွားရောက်ကြည့်ရှုအားပေးပြီး ပြည်ပဈေးကွက်တင်ပို့နိုင်ရေးတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

နေပြည်တော် မေ ၂၀

# ရာဇဝတ်အထူးအယူခံမှုနစ်မှုနှင့်တရားမအထူးအယူခံမှုခုနစ်မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှုငါးမှု ရုံးထိုင်ကြားနာ

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဦးသိန်းကိုကို ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၄ (မန္တလေး) နှင့် ၂/၂၀၂၄ (ပဲခူး)၊ တရားမအထူးအယူခံမှုအမှတ် ၄၅/၂၀၂၃ (ရန်ကုန်)၊ ၄၆/၂၀၂၃ (မန္တလေး)၊ ၄၇/၂၀၂၃(မန္တလေး)၊ ၄၈/၂၀၂၃(မန္တလေး)၊ ၄၉/၂၀၂၃(ရှမ်း)၊ ၇/၂၀၂၄(ရန်ကုန်)နှင့် ၁၀/၂၀၂၄(ဧရာဝတီ)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုနှစ်မှုနှင့် တရားမအထူးအယူခံမှုခုနစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၉/၂၀၂၄ (မကွေး)၊ ၁၁/၂၀၂၄(မန္တလေး)၊ ၁၂/၂၀၂၄ (ရန်ကုန်)၊ ၁၆/၂၀၂၄(မန္တလေး) နှင့် ၁၇/၂၀၂၄ (မန္တလေး)၊ စုစုပေါင်းတရားမအထူးအယူခံမှုငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

နေပြည်တော် မေ ၂၀

# ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံ ၁၀၀ ကျော်ကို နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း မဟုတ်မမှန်သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိ

နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံ ၁၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိသည်ကို တွေ့ရှိရပါသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မေလ ၁၇ ရက်နေ့တွင် ရေစကြိုမြို့နယ်အတွင်းရှိ ဇီးတော၊ ကျောက်ထပ်၊ သဲတော စသည့်ကျေးရွာဝန်းကျင်သို့ PDF အမည်ခံအကြမ်းဖက်သမားအချို့ ရောက်ရှိခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများမှလက်လုပ်စိန်ပြောင်းများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာရှိ လူနေအိမ်အချို့ မီးလောင်ကျွမ်းခဲ့ရကြောင်းသိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် လက်လုပ်သေနတ်အချို့နှင့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့များနှင့်တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့်ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များဂုဏ်သိက္ခာကျဆင်းစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများအား လုပ်ကြံရေးသား၍ လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဖော်ပြနေခြင်းများသာဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၈၀ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၀၄၅ | ၃၆၀၀ |
| 95 Ron | ၂၇၅၀ | ၂၈၂၅ | ၂၈၀၅ | ၂၇၅၅ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၀ | ၂၈၀၅ | ၂၉၃၅ | ၂၉၆၅ | ၂၈၁၅ | ၂၈၃၀ | ၂၈၆၀ | ၂၈၅၀ | ၂၈၆၅ | ၃၂၇၀ | ၃၇၀၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၄၂၅ | ၂၄၀၀ | ၂၃၅၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၀၅ | ၂၅၃၅ | ၂၅၆၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၈၇၀ | ၃၆၅၀ |
| HSD (50 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |
| HSD (10 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၈ | ၂၅၇၁ |
| 95 Ron | ၂၆၀၉ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၉၄ |
| HSD (50 ppm) | ၂၂၆၇ | ၂၃၄၂ |
| HSD (10 ppm) | ၂၂၆၇ | ၂၃၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆ ၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် မေ ၂၀


# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

ရပ်စောက်၊ ဒေသဖွံ့ဖြိုးရေး

# ရပ်စောက်မြို့နယ်၌ မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေရန်ရည်ရွယ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁၉ ရက် နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ကျောက်တောကျေးရွာအုပ်စု ကျောက်တောခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဦးကြည်စော၊ ညွှန်ကြားရေးမှူး ဒေါက်တာ ဇာနည်မင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ကျောက်တောခေတ်မီစံပြကျေးရွာ၌ ရေတားတမံတည်ဆောက်ခြင်း၊ အရှည် ၃ မိုင်ရှိ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရွာတွင်းရေပိုက်လိုင်း သွယ်တန်းခြင်း၊ ရေစစ်ကန်/ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်တောခေတ်မီစံပြကျေးရွာ၌ အဆိုပါရေရရှိရေးလုပ်ငန်းများကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေကျပ် ၁၃၇ ဒသမ ၆၁၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခိုင်ပဒေသာထွန်းကုမ္ပဏီက ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၈၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းထံမှ သိရသည်။

**မောင်နိုင်**

ကျွန်းလှ၊ စိုက်ပျိုးရေး

# ကျွန်းလှမြို့နယ်၌ ယခုနှစ် နွေရာသီတွင် နွေစပါး ၃၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် နွေရာသီတွင် နွေစပါး ၃၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်နွေစပါးစိုက်ပျိုးဖို့ ၁၆၆ ဧကလျာထားပြီး ၃၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ ဆည်ရေ၊ ချောင်းရေနဲ့ မြေအောက်ရေတင်ပြီး စိုက်ပျိုးကြပါတယ်။ တောင်သူတွေကလည်း တစ်နှစ်ထက်တစ်နှစ်တိုးချဲ့စိုက်ပျိုးလာကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါနွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေးစသည့်စိုက်ပျိုးရေးနည်းပညာပေးခြင်းနှင့် ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်နွေရာသီတွင် စပါးအပြင် ဖူးစားပြောင်း၊ ခရမ်း၊ ရုံးပတီ၊ ငရုတ်၊ ပဲတောင့်ရှည်၊ ပန်းအမျိုးမျိုးတို့ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

**ဘုံပိုင်ခေါင်းကိုမသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

ကြံခင်း၊ လူမှုရေး

# မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများစတင်ထုတ်ချေး

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရာသီချိန်တွင် လုပ်ငန်းခွင်အဆင်ပြေစေရေးအတွက် မေလ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ ကြံခင်းမြို့နယ် ရွှေတောင်စုရပ်ကွက်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ မိုးစပါးစိုက်ပျိုးစရိတ်ချေးမည့် တောင်သူများအား မြို့နယ်မန်နေဂျာဒေါ်လွင်လွင်ဦးက ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် တာဝန်ရှိသူများက ရွှေတောင်စုရပ်ကွက်ရှိ တောင်သူ ၂၄ ဦး၏ လယ် ၁၁၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၇၂၅၀၀၀၀ အား ထုတ်ချေးပေးသည်။

ကြံခင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးချေးငွေများကို စက်တင်ဘာလ ၃၀ ရက်ထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်းနှင့် ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ မိုးစပါးစိုက်တောင်သူ ၅၆၀၀ ဦး၊ လယ်ဧက ၃၂၀၀၀ အတွက် ငွေကျပ်သိန်းပေါင်း ၄၈၀၀၀ ထုတ်ချေးပေးရန် လျာထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော်   မေ ၂၀

# အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၁)သင်တန်းဖွင့်အခမ်းအနားကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နားလည်သဘောပေါက်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို စွမ်းရည်ပြည့်ဝစွာဆောင်ရွက်နိုင်စေရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) သဘောတရားကို နားလည်ပြီး အရာထမ်းတစ်ဦးသိရှိသင့်သော နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဗဟုသုတများကို ရရှိစေရန်၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပိုမိုကျေညက်စေရန်၊ ဦးဆောင်နိုင်မှုစွမ်းရည် မြင့်မားစေရန်နှင့် ပေးအပ်လာသောတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်သည့် အရည်အသွေး တိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာ၊ အတတ်ပညာနှင့်အတွေ့အကြုံများကို ပြည်သူအတွက် ကောင်းမွန်သောနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေးတို့တွင် အထောက်အကူဖြစ်စေရေး ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၁)သို့ သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၅၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

စစ်ကိုင်း   မေ ၂၀

# ရွှေမင်းဝံဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို စစ်ကိုင်းမြို့၌ကျင်းပမည်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ရွှေမင်းဝံဒိုင်းအလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဇွန်လ ၁၃ ရက်တွင် စစ်ကိုင်းမြို့ နှစ်(၇၀၀)အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေမင်းဝံဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုကို ငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆုကို ငွေကျပ် ၇၅ သိန်းပေးအပ်မည့်အပြင် ပွဲစဉ်အလိုက်အကောင်းဆုံးကစားသမားဆုအတွက် ငွေကျပ် တစ်သိန်း၊ ဗိုလ်လုပွဲစဉ်တွင် ပေးအပ်မည့် အကောင်းဆုံးဆုငါးဆုအတွက် တစ်ဆုလျှင် နှစ်သိန်းစီပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ရွှေမင်းဝံဒိုင်း အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအတွက် ထောက်ပံ့ငွေများအဖြစ် စစ်ကိုင်းမြို့နှင့်နီးစပ်သည့်ဒေသမှ အသင်းများအတွက် ငွေကျပ် ခုနစ်သိန်း၊ နယ်ဝေးမှ အသင်းများအတွက် ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

ရွှေမင်းဝံဒိုင်း အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဝင်ရောက်လိုသည့်အသင်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း ၀၉-၂၁၃၀၁၉၈၊ စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဖုန်း ၀၉-၂၁၁၀၁၄၃၊ စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း ၀၉-၄၀၂၅၂၄၈၈၆ ထံ ဇွန်လ ၁၀ ရက် နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

ရန်ကုန်   မေ ၂၀

# ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ်ကစားမည့် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ပွဲစဉ်အတွက် လက်မှတ်ခများကိုထုတ်ပြန်



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားမည့် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ပွဲစဉ်အတွက် လက်မှတ်ခများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာအသင်းနှင့် ဂျပန်အသင်းတို့သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဇွန်လ ၆ ရက် ည ၆နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ကစားမည့်ပွဲစဉ်အတွက် လက်မှတ်ခများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ရိုးရိုးတန်းအတွက် ငွေကျပ် ၂၀၀၀ နှင့် အထူးတန်းအတွက် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး ရောင်းချမည့်နေ့ရက်နှင့် အစီအစဉ်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ဂျပန်အသင်းတို့သည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပထမအကျော့ပွဲစဉ်အဖြစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်က ဂျပန်အသင်းအိမ်ကွင်း၌ကစားခဲ့ရာ ဂျပန်အသင်းက မြန်မာအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

မြန်မာအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(အာရှဇုန်) အုပ်စု(B)တွင် အုပ်စုပွဲစဉ်လေးပွဲကစားပြီးချိန်တွင် နိုင်ပွဲမရရှိသေးဘဲ တစ်ပွဲသရေ သုံးပွဲရှုံး ရမှတ်တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်လျက်ရှိနေပြီး မြောက်ကိုရီးယားအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန်လ ၁၁ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

❑ **ကျော့ဖုံးမှအဆက်**

မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေနှင့်ကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များမှတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိုးစည်ဒိုးပတ်အကများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

အဆိုပါ (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ (၂၀၂၄)ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)ဦးညီညီ ဦးဆောင်ကာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(နည်းပြ)၊ ဦးဇော်ဝင်းအောင်(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ကာယဗလအားကစားသမားများဖြစ်ကြသည့် ကာယဗလ ၆၀ ကီလိုတန်း၌ ထွန်းမင်းနိုင်၊ ၆၅ ကီလိုတန်း၌ မုန်ဘန်အောင်၊ ၇၀ ကီလိုတန်း၌ နိုင်မင်းသိမ်း၊ ၇၅ ကီလိုတန်း၌ အောင်မင်းဦး၊ ၇၅ အထက်ကီလိုတန်း၌ မျိုးနိုင်ထွန်း၊ Men's Athletic Physique up to 175 cm + 6 kg တန်း၌ ကိုကိုကျော်ဖြိုး၊ Men's Sports Physique up to 170 cm-2 kg တန်း၌ သန်းထိုက်ဦး၊ Women's Athletic Physique တန်း၌သဲဝါ၊ Women's Model Physique up to 160 cm တန်း၌ ခင်နီလာစိုးနှင့် Women's Model Physique over 165 cm တန်း၌ ဇူးဇူးသန့်တို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာကစားသမားများဖြစ်ကြသည့် သဲဝါက ရွှေတံဆိပ်တစ်ခု၊ ကိုကိုကျော်ဖြိုးက ရွှေတံဆိပ်တစ်ခု၊ သန်းထိုက်ဦးက ရွှေတံဆိပ်တစ်ခု၊ မုန်ဘန်အောင်က ငွေတံဆိပ်တစ်ခု၊ ခင်နီလာစိုးက ငွေတံဆိပ်တစ်ခု၊ ဇူးဇူးသန့်က ငွေတံဆိပ်တစ်ခု စုစုပေါင်းရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်သုံးခုတို့ကို နိုင်ငံ့ဂုဏ်ဆောင်ရယူပေးခဲ့ကြသည်။ ထို့အတူ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ထွန်းမင်းနိုင်၊ ၇၀ ကီလိုတန်းပြိုင်ပွဲတွင် နိုင်မင်းသိမ်းနှင့် ၇၅ ကီလိုတန်းပြိုင်ပွဲတွင် အောင်မင်းဦးတို့က စတုတ္ထဆုနှင့် ၇၅ အထက်ကီလိုတန်းပြိုင်ပွဲတွင် မျိုးနိုင်ထွန်းက ဆဋ္ဌမဆုများရရှိခဲ့ကြသည်။

အဆိုပါ (၁၈)ကြိမ်မြောက်အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ (၂၀၂၄)သို့ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူနှင့် အိမ်ရှင်လာအိုနိုင်ငံမှ ကစားသမား ၁၁၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ သိရသည်။

**ဝန်းရံ**

နေပြည်တော်   မေ ၂၀

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ”**အား ၂၀၂၄ ခုနှစ် မေလ ၂၃ ရက်မှ ၃၀ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို**(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
နှစ်အတွင်းကာလတိုချေးငွေလျှောက်ထားခြင်း
ဒီဂျစ်တယ်လူမှုဘဏဆိုင်ရာဝန်ဆောင်မှုများပေးခြင်း
မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
e-Topup ဖုန်းပြေစာဖြည့်သွင်းခြင်း
လျှပ်စစ်မီတာခများပေးဆောင်ခြင်း
ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
အငြိမ်းစားများ လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
"လုံခြုံလျှို့ဝှက်ဆောင်ရွက်မြန်မှန် မြဝတီဘဏ်"
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
AUNG THITSA OO INSURANCE
Hotline - 09-450450561, 09-450450562, 09-450450563

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့နှင့် လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်သောကြောင့် မိမိအစိုးရလက်ထက်တွင် **"တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေးရည်မှန်းချက်(၂)ရပ်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားမိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၀**

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားအစီအစဉ်များကို ဘာသာရေးဆိုင်ရာထုံးတမ်းအစဉ်အလာများနှင့်အညီ ၂၀၂၄ ခုနှစ် မေလ ၂၂ ရက်တွင် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယဗုဒ္ဓဉယျာဉ်တော်တို့၌ ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၄** ❖

## မန္တလေးမြို့ နန်းမြို့ရိုးတစ်လျှောက် ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားအား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၀**

ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ၂၀၂၄ ခုနှစ် မေလ ၂၂ ရက် နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၇၂ ပါးအား နန်းမြို့ရိုးတစ်ဖက်လျှင် သံဃာတော် ၂၅၆၈ ပါးစီဖြင့် ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို MRTV-HD Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel၊ Channel LIGHT Channel၊ Sky Net Buddha Channel နှင့် Channel-9 တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B)တွင် ရှမ်းယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး ကချင်ယူနိုက်တက်နှင့် Glory Goal အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B) အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး ကချင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၇ ကော်လံ ၂** ■






## အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်သုံးခုဆွတ်ခူးရရှိသည့် မြန်မာအားကစားအဖွဲ့ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၀**

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ မေလ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ(၂၀၂၄) (18th South East Asian Bodybuilding And Physique Sports Championship 2024)တွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခု ဆွတ်ခူးရယူခဲ့သည့် မြန်မာအားကစားအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရမြန်မာအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး

**စာမျက်နှာ ၂၉ ကော်လံ ၄** ❑

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..